www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

မွေးမေ
မွေးဖေ
ပြီးတော့
သင်ဆရာ၊ မြင်ဆရာ၊
ကြားဆရာ ဖြစ်သည့်
ဆရာသော်တာဆွေအား
ဤစာစုဖြင့်
ဂါရဝပြုပါသည်။

ကိုပိုက်
(၂၀၀၃)

www.burmeseclassic.com

www.burmeseclassic.com

ထုတ်ဝေခဲ့ပြီးစာအုပ်များ

၁။ ပန်းဝတ်ရည် • ကလေးတို့တတ်ကြဖို့ ကမှအ ကိုရေးကြစို့
၂။ ပန်းဝတ်ရည် • ကလေးတို့တတ်ကြဖို့ AမှZ ကိုရေးကြစို့
၃။ အီကြာကွေး • ရုံအပြင်ကထွက်ကြည့်ပါ
၄။ သုမောင် • နံနက်စာ
၅။ ကိုပိုက် • ကြုံဆုံခဲ့ရမှုဆိုးဘဝ
၆။ အီကြာကွေး • ရယ်စရာပေးရှင်း (၁)
၇။ အဏ္ဏဝါစိုးမိုး • ခရီးဆောင်ဟာသများ
၈။ ချစ်နိုင်(စိတ်ပညာ) • သန့်ရှင်းသောစိတ်
၉။ မင်းလူ • သူ့ဆံပင်နှင်းဆီပွင့်တွေနဲ့
၁၀။ သုမောင် • အရက်သမားအမှားတစ်ခါ
၁၁။ သစ္စာနီ • စကားလုံးများနှင့်ဆော့ကစားခြင်း
၁၂။ အီကြာကွေး • တွေ့ရကြုံရ ရှုတတလေးတွေ
၁၃။ ကိုပိုက် • ၂၀၀၁ မှုဆိုးများ
၁၄။ အီကြာကွေး • မျက်စိအောက်ကဇရော
၁၅။ ဆွေမင်း(နေပြည်) • ဘဝတစ်ခုအမှတ်တရ
၁၆။ အီကြာကွေး • ရယ်စရာပေးရှင်း (၂)
၁၇။ ကျော်မင်းနိုင် • လျှို့ဝှက်ဆန်းကြယ် ဝတ္ထုများ
၁၈။ ကိုပိုက် • သေမင်းတမန်မှုဆိုး
၁၉။ ကိုပိုက် • စိတ်ကြိုက်မှုဆိုး
၂၀။ ကိုပိုက် • အင်ကြင်းဝက်ပါ
၂၁။ အီကြာကွေး • နတ်ရှုးတို့ကြောင်နိုင်ပေ
၂၂။ မင်းလူ • လွန်လေပြီးသောနှလုံးသား

ယခုလ

ကိုပိုက် • မထူးဆန်းသောဝတ်ရုံလွှာ

ဆက်လက်၍

■ အီကြာကွေး • ငယ်မူငယ်သွေး (ကလေးလေးများရေးစာစုများ)
■ ကိုပိုက် • လောကငရဲပြင်

www.burmeseclassic.com

www.burmeseclassic.com

စာအုပ် ၂၃

# ကိုပိုက်

## မထူးဆန်းသောဝတ်ရုံလွှာ

တွတ်ပီစာအုပ်တိုက်
အမှတ်(၄/က)၊အဝေရှေးသမ်း
ဘောက်ထော်၊ရန်ကင်းမြို့နယ်၊
ရန်ကုန်မြို့။
☎ - [illegible]

www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့. . . အဲဒီနာရီ ဘယ်လောက်ပေးရမှတ်လဲ"

"အောင်မယ်. . . ကောင်မ ငါ့ကိုလာ မပတ်နဲ့. . သင်းသတ်လာတဲ့ တောခေါင်းကြီး မောင်မောင်စိုးက ငါ့ကိုပြောပြီးပါပြီ အဲဒါ သုံးရာကျော်လေးပဲ ပေးရသတဲ့. . ."

"ဟင် - ဟုတ်လား. . . ကြည့်စမ်း၊ ငါ့ကိုတော့ သုံးထောင်ကျော် ပေးရတယ်လို့ ပြောပါကလား. . .။"

သူကြီး ဦးဖိုးစိန်တို့အုပ်စု ဦးဖိုးမောင်၏ အလောင်းကောက် သွားနေကြစဉ် - ရွာတွင် ကျန်ရစ်သူများက သူနှင့် ပတ်သက်၍ သို့နှယ်- ပြောဆိုနေကြလေတော့၏။

အလောင်းကောက် အဖွဲ့ကို ဦးဆောင်လမ်းပြခေါ်သွားသူမှာ "ဆပုဂံ" ရွာသား စိန်ကုလားပင်ဖြစ်ချေတော့၏။

နံနက်ပိုင်းမှ ထွက်လာကြသည်မှာ နေ့ ၁း၀၀နာရီလောက်တွင် အလောင်းရှိရာ နေရာသို့ ရောက်လာခဲ့ကြတော့သည်။

မျက်နှာတစ်ပြင်လုံး စုတ်ပြတ်ဖွာလံနေ၏။



www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် | ၆၆၆/၂၀၀၃(၅)|
မျက်နှာဖုံးခွင့်ပြုချက်အမှတ် | ၇၈၆/၂၀၀၃(၇)|

■

မျက်နှာဖုံးပန်းချီ
•ပန်းချီနိုင်သူ

■

ပုံနှိပ်ခြင်း
ပထမအကြိမ်

■

ထုတ်ဝေသည့်လ
ဒီဇင်ဘာလ၊ (၂၀၀၃)ခုနှစ်

■

အုပ်ရေ
(၅၀၀)

■

မျက်နှာဖုံးဖလင်
STARS

■

အတွင်းဖလင်
တွတ်ပီ

■

တွန်ပျူတာစာစီ
နန်းဝေခိုင်ကျော်ဦး

■

စာအုပ်ချုပ်
ကျော်နီနှင့်အဖွဲ့

■

ပုံနှိပ်/ထုတ်ဝေသူ
ဦးခင်မောင်မြင့် (ခ) ဆွေမင်း(မနုမြို့)
တွတ်ပီရောင်စုံပုံနှိပ်တိုက်(၀၆၇၀၂)
တွတ်ပီစာပေ (၀၃၈၂၅)
အမှတ်(၄/က)၊အဝေရာလမ်း၊ဘောက်ထော်၊
ရန်ကင်း၊ရန်ကုန်မြို့။

■

တစ်အုပ်

www.burmeseclassic.com

www.burmeseclassic.com

"လဟာမငယ်" ရွာကလေးသည် တိတ်ဆိတ်လို့နေ၏။ ရွာလမ်းမပေါ်တွင် လှုပ်ရှားသွားလာနေသည်ဆို၍ ခွေးနှစ်ကောင်သာရှိ၏။ လသာညဖြစ်သည်ကြောင့် ထိုခွေးနှစ်ကောင်၏ လှုပ်ရှားသွားလာခြင်းကို တွေ့နေရခြင်း ဖြစ်၏။

အချိန်ကား ညဉ့်နက်သန်းခေါင်ယံကျော်ဖြစ်သည်။ တစ်ချက်တစ်ချက် ခွေးနှစ်ကောင်သည် ရွာသုသာန်ဘက်သို့ မျက်နှာမူကာ "အူ" ကြသည်မှလွဲ၍ တိတ်ဆိတ်နေတော့၏။

ရွာထိပ်က ကုက္ကိုလ်ပင်ကြီးမှ ငှက်ဆိုးတစ်ကောင်သည် ကိုင်းခြောက်တစ်ခုတွင် နားနေရာမှ ရုတ်ခြည်း ဆတ်ခနဲ ထပျံသွားသဖြင့် သစ်ကိုင်း



www.burmeseclassic.com

www.burmeseclassic.com



ခြောက်ကျိုးကျသည်တွင်. . . ထိုအပင်အောက်ရှိ ခွေးတစ်ကောင်သည် လန့်ဖျပ်သွားကာ ထွက်ပြေးသွားတော့၏။

အတော်လှမ်းလှမ်း ရောက်လေမှ ရပ်တန့်လိုက်ပြီး ထိုအပင်အောက်သို့ ပြန်လှည့်ကြည့်ကာ "ဝူး" ရယ်လို့ အသံရှည်ရှည် အူလိုက်လေသည်။

ထိုခွေးကဲ့သို့ "အူ"လိုက်သည်တွင် ကျန်ခွေးတစ်ကောင်သည်လည်း လိုက်"အူ" လေတော့၏။

တစ်ခဏ အကြာတွင် ထိန်ထိန်သာနေသော "လ"ကြီးကို ရွေ့လျားနေသော တိမ်ထုတစ်ခုက ဖုံးလွှမ်းသွားသည်ကြောင့် "လဟာမငယ်" ရွာကလေးသည် မှောင်ကျသွားရတော့၏။

ထိုစဉ်မှာပင် သုသာန်ဘက်မှ ကြေးစည်သံလေးထွက်ပေါ်လာသည်ကြောင့် တစ်ရေးနိုးလာသည်တွင် အိပ်ယာထက်၌ပင် ငြိမ်သက်စွာ လဲလျောင်းနေသော ဦးဖိုးမောင်သည် ကြက်သီးမွေးညှင်းထသွားတော့၏။ သူ့အိမ်နှင့် သုသာန်သည် ဝေးလှသည် မဟုတ်။ လှမ်းကဲကြည့်လိုက်၏။ မှောင်မိုက်နေသည်ကြောင့် ဘာမျှ မမြင်ရချေ။

ဘယ့်တွက် ညဉ့်နက်သန်းခေါင်ယံကျော်



www.burmeseclassic.com

www.burmeseclassic.com



တွင် သုဿန်ဘက်မှ ကြေးစည်သံ ကြားရပါသနည်း။

သူစဉ်းစားမရ။ ဤအချိန်အခါတွင် မည်သည့်အသုဘမျှ လာချကြလိမ့်မည် မဟုတ်။

"အူ ဝူး"

"အူ ဝူး"

ထိုကြေးစည်သံကြောင့် ရွာလမ်းပေါ်ရှိ ခွေးနှစ်ကောင်သည် ထ "အူ"လိုက်ကြပြန်၏။

"တောက် ဒီခွေးတွေကွာ" ဆိုပြီးဦးဖိုးမောင်သည် အိပ်နေရာမှ လူးလဲထကာတဲပြင်ပသို့ ထွက်၍ ခဲလုံးကို ရှာယူလိုက်ပြီး ပစ်ပေါက်လိုက်သည်။

"ကိန်. . " "ကိန်"

"ကိန်"

သို့နှယ်အော်ကာ ထွက်ပြေးသွားကြတော့၏။ အဝေး ရောက်လေမှ သူ့ဘက် ပြန်လှည့်ကာ ဟောင်နေလေတော့၏။

"ဝုတ်" "ဝုတ်"

"ဝုတ်" "ဝုတ်"

တဖြည်းဖြည်း "လ"ကို ဖုံးကွယ်နေသော တိမ်တိုက်သည် လွင့်ပြယ်သွားသည်ကြောင့် အရောင် ပေါ်ထွက်လာတော့၏။



www.burmeseclassic.com

www.burmeseclassic.com



ဦးဖိုးမောင်သည် သုသာန်ဘက်သို့ လှမ်းကြည့်လိုက်သည်။

"ဟင်!"

သုသာန်ဝမှ လူတစ်ယောက် ရွာပြင်သို့ ဖြေးလေးသော ခြေလှမ်းများဖြင့် လှမ်းထွက်သွားသည်ကို မြင်လိုက်ရသည်။

သူအံ့သြသွားရသည်။

ထိုသူသည် ဤရွာသားမဟုတ်မှန်း သူသိ၏။ ဤရွာသား ဆိုပါလျှင် ရွာတွင်း ဝင်လာရမည် မဟုတ်ပါကလား။

သူစိတ်ဝင်စားသွားသည်။

ဦးဖိုးမောင်သည် ကြောက်တတ်သူမဟုတ်၊ သို့ကြောင့် သူသည် အိမ်တွင်းမှ ဝါးခုတ်ဓါးမရှည်ကို ပြန်ဝင်ယူပြီး လက်မှ ကျစ်ကျစ်ပါအောင် ကိုင်ကာ ထိုသူနောက်သို့ လိုက်သွားတော့၏။ သို့လိုက်သွားရင်း သုသာန်ရှေ့ရောက်သည်တွင် လှည့်ကြည့်လိုက်သည်။

မည်သည့် ထူးခြားချက်မျှ မရှိချေ။

သို့ကြောင့် သူသည် ထိုသူနောက်သို့သာ လိုက်သွားတော့၏။ ထိုသူအနားသို့ ရောက်သွားသည်တွင်-



www.burmeseclassic.com

www.burmeseclassic.com



"ဟိတ်လူ"

"ဟိတ်လူ"

သို့နှယ် လှမ်းခေါ်ရင်း စေ့စပ်သေချာစွာ ကြည့်လိုက်၏။ ကြေးစည်လေးကို ကိုင်ကာ လေးလေးမှန်မှန် လျှောက်သွားနေခြင်းဖြစ်၏။

သူလှမ်းခေါ်သည်ကို မကြားသည်လား၊ မကြားယောင်ဆောင်နေသည်လား မသိ။

သစ်ပင်ရိပ်များ ထိုးနေခြင်းကြောင့် သဲကွဲစွာ မမြင်ရ။ သို့ကြောင့် သူသည် ထိုလူ့ပုခုံးကို နောက်မှပုတ်ကာ "ဟိတ်လူ" ဟုခေါ်လိုက်၏။

သည်တွင် ထိုသူသည် နောက်သို့ လှည့်ကြည့်လာလေတော့၏။

"ဟာ!"

www.burmeseclassic.com

www.burmeseclassic.com

"လဟာမငယ်" ကျေးရွာသား သစ်ခုတ်လုပ်သား လူပျိုကြီး ဦးဖိုးမောင်တစ်ယောက် ရုတ်ခြည်းဆိုသလို ရွာမှ ပျောက်သွားတော့သည်။

"ညနေက ကျွန်တော်တို့တွေ ဦးဖိုးမောင်အိမ်ရောက်ခဲ့ သေးတယ်။ အကြမ်းသောက် လက်ဖက်စား စကားစမြည် ပြောကြတာ ညဉ့်တောင်အတော်နက်သွားကြတယ်"

ရွာရှိ လူငယ် ကာလသားတစ်သိုက်က ပြောကြ၏။ "သန်းခေါင်ယံကျော် အချိန်က - ခွေးတွေတအား "အူ" ကြသဗျ"

ဘုရားလူကြီး ဦးခင်မောင်မြင့်က ပြော၏။

"သည်လူ. . . ရောဂါဟောင်း ပြန်ထပြီးခြေဦးတည့်ရာ လျှောက်သွားပြီလား မသိဘူး"

www.burmeseclassic.com



ရွာသူကြီး ဦးဖိုးစိန်ကလည်း သူ့အထင်ကို ပြောလေ၏။ မည်သို့ပင်ဆိုစေ ဦးဖိုးမောင် တစ်ယောက် "လဟာမငယ်" ရွာလေးမှ ပျောက်သွားခဲ့သည်မှာ တစ်ပတ်ခန့်ရှိချေပြီ။

တစ်နေ့ "လဟာမငယ်" ရွာကလေးသို့ သတင်းဆိုးတစ်ခု ရောက်လာသည်။

"သင်္ဂဒူ"တောထဲတွင် လူတစ်ယောက် ရုပ်ပျက်ဆင်းပျက် သေနေလေရဲ့ ဟူသည့် သတင်းဆိုးဝင် ဖြစ်သည်။

"သင်္ဂဒူ" တောသည် "လဟာမငယ်" နှင့်မည်သို့မျှ မဝေးလှသော တောဖြစ်၏။

ထိုတောကို မည်သူမျှ တစ်ယောက်တည်း နှစ်ယောက်တည်း သွားကြခြင်းမရှိ။ ဘယ်တွက်မူ၊ မှုဆိုးတစ်ယောက်၏ လက်သရမ်းမှုကြောင့် ကျားနာတစ်ကောင် ရှိနေခြင်းကြောင့် ဖြစ်၏။

"ကဲ... လာကြဟေ့... လူပျိုကြီးဖိုးမောင် ဖြစ်လိမ့်မယ်"

သူကြီး ဦးဖိုးစိန်က သို့နှုယ် နှိုးဆော်ပြီး ရွာရှိ လူငယ်လူကြီး အချို့ဖြင့် သူ၏ နှစ်လုံးပြူးသေနတ်ကြီးကို ကိုင်ဆောင်ကာ ဦးဆောင်သွားလေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



"ဟယ်. . . ကိုဖိုးမောင်ကြီး သနားပါတယ်"

"အရမ်းသဘောကောင်းတဲ့ လူကြီး၊ သနားစရာကောင်းလိုက်တာ"

"သူကြီး ဖိုးစိန်တော့ သူ့တွက် လက်တိုလက်တောင်း ခိုင်းရမယ့်သူ မရှိတော့ဘူး"

"သေတဲ့သူကတော့ သေသွားပြီ. . . ပြောတော့မပြောကောင်းပါဘူး။ နို့ပေမင့် သူကြီးဖိုးစိန် အပေါ်မယ် "ဝဋ်" ကြွေးတော့ ကုန်သွားလောက်ပါပြီ ထင်ပါရဲ့. . ."

"အေးဟဲ့. . . သူကြီးကလည်း လွတ်တိုခိုင်းတာပဲ၊ မိုးလင်း မိုးချုပ်လုပ်လိုက်ရတာ ရတော့နှစ်ပဲ၊ တစ်ပြားရယ်"

"အမလေးဟယ်. . . သူကြီးတင် ခိုင်းတာမဟုတ်ပါဘူး။ တစ်ရွာလုံး ခိုင်းကြတာပဲ မဟုတ်လား ညည်းလင်ဆို ပိုဆိုးသေး၊ တောတက်ခိုင်းလိုက်သေးတယ်၊ လုပ်ရတော့ ဒိုးတူပေါင်းဖက်၊ ညည်းတို့ လင်မယားမှာတော့ ရွှေတွဲလွဲ ငွေတွဲလွဲ၊ ဦးဖိုးမောင်ကြီးမယ် ညည်းလင် မြို့က ဝယ်လာပေးတဲ့ တက်ထရီ စကော်နာရီလေးနဲ့တင် ကျေနပ်နေရတာတယ်"



www.burmeseclassic.com

www.burmeseclassic.com



ရုပ်ဖမ်းလို့ပင်မရ၊ လက်တစ်ဖက်လည်း မရှိလေတော့။

သူ၏ ရုပ်အလောင်းနံ့ဘေးတွင် ကျားခြေရာများ ဗရပွတွေ့ရ၏။ သူ၏အသားတို့ "အူနံ့" ဝင်ထွက်နေချေပြီဖြစ်၏။

သူကြီးကပင် ဦးဆောင်၍ အလောင်းသယ်ဖို့ စီစဉ်လေ၏။ သို့ဖြင့်. . . သူတို့အဖွဲ့သည် ဦးဖိုးမောင်၏ အလောင်းကို သယ်ခဲ့ကြရာ ညနေမစောင်းမီ ရွာသို့ ပြန်ရောက်ခဲ့ကြတော့၏။

ရွာရှိလူတို့သည် ညှိုးငယ်သော မျက်နှာများဖြင့် ကြိုလင့်နေကြသည်။

သူကြီးသည် သူ၏ရုပ်အလောင်းကို ရွာထိပ်သုသာန်အရပ်တွင် ထားပြီး ဥက္ကံရဲစခန်းတွင် သေမှုသေခင်းဖွင့်၏။

ရဲအရေးကိစ္စပြီးသည်နှင့် သဂြိုဟ်လိုက်လေတော့သည်။

ဦးဖိုးမောင်သဂြိုဟ်သည့် နေ့မှာပင် ထို "သင်္ဂဒူ" တောတွင် နောက်ထပ်ဝါးခုတ်သမားတစ်ယောက် ကျားနာကောင်က ကိုက်သတ်လိုက်ပြန်သည်ဟု သိရပြန်၏။

ကိုယ့် ရွာသားမဟုတ်ပေမြား ဦးဖိုးမောင်



www.burmeseclassic.com

www.burmeseclassic.com



အလောင်းသွားကောက် စဉ်က လမ်းပြလာခေါ်သော "ဆပုဂံ" ရွာသား စိန်ကုလား ဖြစ်နေခြင်းကြောင့် လွန်မင်းစွာ စိတ်မကောင်း ဖြစ်ရတော့၏။

သည်တွင် လဟာမငယ် ရွာသူကြီး ဦးဖိုးစိန်က ထိုကျားနာ၊ ကျားဆိုးကို သည်အတိုင်းလွှတ်ထားပါက၊ တောတောင်ကို မှီ၍ ဝမ်းစာရှာစားသူများအတွက် အန္တရာယ်များလှသည်ကြောင့် ထိုကျားနာကျားဆိုးကို နှိမ်နင်းရန်အတွက် ကျွန်တော်နှင့် လင်းမြင့်လှိုင်ကို လာရောက် အကူအညီတောင်းသည်ကြောင့် "လဟာမငယ်" ကျေးရွာသို့ ရောက်လာကြရပြန်၏။

"လဟာမငယ်" ကျေးရွာရှိ သူကြီး ဦးဖိုးစိန်၏အိမ်တွင် တစ်ညတာနားနေ၏။ ကျားဆိုးနှိမ်နင်းရေးအတွက် ဆွေးနွေးတိုင်ပင်ကြပြီးနောက် တစ်နေ့နံနက်တွင် လမ်းပြကြီး "စောသာကဲ"အပြင် ရွာသားသုံးဦးနှင့်အတူ "သဂ်ဒူ" တောသို့ ထွက်ခဲ့ကြတော့၏။

သွားလာရင်း ကျားနာကျားဆိုး၏ ခြေရာကိုလိုက်လံ ရှာဖွေကြ၏။

ခြေရာသစ်တော့ မတွေ့ပါချေ။ လွန်ခဲ့သောတစ်ပတ်လောက်က လှုပ်ရှားသွားလာခဲ့သော ခြေရာ



www.burmeseclassic.com

www.burmeseclassic.com



ပေါင်းများသာ တွေ့ရ၏။

သို့ဖြင့် ကျွန်တော်တို့သည် "သင်္ဒူ" တော အတွင်းပိုင်းထိ ဝင်ခဲ့ကြသည်။

အချိန်နှောင်းသွားပြီဖြစ်၍ ချုံနွယ်ရှင်းသော တောင်ကြောလေးတစ်ခုတွင် ညအိပ်စခန်းချလိုက် သည်။

ဝါးတဲနှစ်လုံး ထိုးလိုက်သည်။ ကျွန်တော်နှင့် လင်းမြင့်လှိုင်က တစ်တဲ. . . ရွာသားသုံးယောက်နှင့် လမ်းပြကြီး "စောသာကဲ" တို့ကတစ်တဲ ဖြစ်သည်။

ဝါးတဲထိုးပြီး ရေမိုးချိုးလိုက်ကြသည်။

ကျွန်တော်တို့ ရေမိုးချိုးနေစဉ် ရွာသားသုံး ယောက်သည် ထင်းမီးပုံလုပ်ရန် သစ်တုံး၊ သစ်ကိုင်း ခြောက်များ လုံလုံလောက်လောက် ရှာဖွေထားပြီး ဖြစ်သလို လမ်းပြကြီးသည်လည်း စခန်းအနီးတစ်ဝိုက် မှ ရှာဖွေရလာသည့် "တောင်လိပ်" တစ်ကောင်ကို ဖျက်ကာ တံစို့ထိုးမီးကင်ပြီး ဖြစ်နေ၏။

သည့်နောက် လိပ်မီးကင်သည့် မီးပုံလေးကို ပင် ဆက်၍ မီးပုံကြီးဖြစ်ရန် ထင်းတုံးကြီးများကို ထပ်ပိုးထည့်လိုက်သည်။

ကျွန်တော်နှင့် လင်းမြင့်လှိုင်သည် ဝိစတီ



www.burmeseclassic.com

www.burmeseclassic.com



သောက်ရင်း စကားစမြည်ပြောနေကြသည်။

"လိပ်မီးကင် - ခင်ဗျားတို့သာ စားလိုက်" ဟု ပြောလိုက်၏။ ဘယ့်တွက်မူ ညနေစာအတွက် အလို့ငှာ ကျွန်တော်တို့တွင် စားစရာ ဘာမှ မရှိ၍ဖြစ်၏။

ကျွန်တော်နှင့် လင်းမြင့်လှိုင်သည် ဝီစကီ သောက်ရင်း ချိစ်ကိုမြည်းနေကြသည်ဖြစ်၍ ဆာ လောင်ခြင်းဒဏ်ကို အနည်းငယ်တော့ဖြင့် ခံနိုင်ရည် စွမ်း ရှိပေ၏။

စားသောက်ပြီးသည်နှင့် အိပ်ယာဝင်လိုက် ကြသည်။ တစ်ရံတစ်ခါ တိုက်ခတ်လာသော လေ ပြည်လေးကြောင့် ချမ်းတက်လာ၏။

လင်းမြင့်လှိုင်သည်လည်း အိပ်မပျော်နိုင် သေးသည်ဖြစ်၍ ကျွန်တော့်နား ရောက်လာထိုင်ရင်း စကားစမြည် ပြောနေပြန်လေ၏။ ရွာသားသုံး ယောက်နှင့် လမ်းပြကြီး စောသာကဲတို့သည် ပုဆိုး ခြုံကွေးလျက် အိပ်ပျော်နေကြပုံရပေ၏။

သို့ ကျွန်တော်နှင့် လင်းမြင့်လှိုင် မီးလှုံရင်း စကားစမြည် ပြောနေကြစဉ်- "နောင်. . . ဝေ. . . ဝေ . . . ဝေ" ရယ်လို့ လေပြည်နှင့်အတူ ပါလာသော



www.burmeseclassic.com

www.burmeseclassic.com



ကြေးစည်သံကြောင့် အံ့ဩတကြီး ဖြစ်ကြရ၏။ ထူးထူးခြားခြား တောနက်ကြီးအတွင်း "ကြေးစည်သံလွင်လွင်" ကြားနေရသည့်ကြောင့် ဝေခွဲမရလည်း ဖြစ်မိသည်။

"ကိုလင်း ကြားလား"

"ကြားတယ်"

"ဘယ်လိုထင်လဲ. . ."

သည်တောနက်ကြီးထဲမှာ တောမိုရသေ့နို့မှမဟုတ် ပုဂ္ဂိုလ်ထူးတစ်ပါးတော့ ရှိလိမ့်မယ် ထင်တယ်"

လင်းမြင့်လှိုင်က ပြောသည်။

"နောင်. . . ဝေ. . . ဝေ. . ဝေ" ရယ်လို့ ကြေးစည်သံ ထပ်ကြားရပြန်၏။ ယခုကြားလိုက်ရသည့်အသံကား ကျွန်တော်တို့နှင့် အင်မတန် နီးကပ်ရာ နေရာမှလာခြင်းကြောင့် အမှောင်ထုတွင်း လှမ်းကဲကြည့်လိုက်၏။

"ဟင်!"

မြန်မြန်ဆန်ဆန်ကြီး ကျွန်တော်တို့အား ရောက်လာတော့သည်။

"သည်တောတောင်ထဲ ရောက်လာတဲ့



www.burmeseclassic.com

www.burmeseclassic.com



အာဂန္တု - ဧည့်သည်တွေ ထင်ပါ့"

သိမ်မွေ့သော လေသံဖြင့် ပြောလာ၏။

ဦးပြည်းခေါင်းတုံးနှင့် အညိုရင့်ရောင် သင်္ကန်း ဝတ်ဆင်ထား၏။ လည်ပင်းတွင် အတော် အသင့် ကြီးမားသော စိပ်ပုတီးတစ်ကုံးကို ဆွဲထား၏။ ညာလက်ကောက်ဝတ်တွင်လည်း ကိုးလုံးပုတီးကို စွပ်ထား ပြီး ဘုတ်လေးတစ်ချောင်း ကိုင်ထား၏။ ဘယ်လက်တွင်မတော့ ကြေးစည်လေးကို တွဲလောင်း ကိုင်ထား၏။

"အာဂန္တုတွေ ဘာကိစ္စနဲ့များ လာကြတာ တုန်း"

သို့နှယ် မေးလာပြန်၏။

ကျွန်တော်ကပြန်၍ "တောပျော်ရသေ့ များ လား" ဟုအရင် ပြန်မေးလိုက်၏။

ခေါင်းညိတ်ပြလျက် ပြုံးနေ၏။

လင်းမြင့်လှိုင်က ကျွန်တော်တို့ ဤနေရာသို့ ရောက်လာကြရခြင်းမှာ ကျားနာကျားဆိုးတစ်ကောင် ကို သတ်ဖြတ်ရန် ရောက်လာခဲ့ခြင်း ဖြစ်ကြောင်း ပြောပြလိုက်၏။

သည်တွင် ရသေ့သည် - "ခြေလေးချောင်း



www.burmeseclassic.com

www.burmeseclassic.com



သတ္တဝါများ ကျန်းမာပါစေ၊ ချမ်းသာပါစေ - ခြေနှစ်ချောင်း သတ္တဝါများ ကျန်းမာပါစေ. . . ချမ်းသာပါစေ. . . ”ဟုပြောပြီး သူ့လက်တွင်ရှိ ကြေးစည်လေးကို နှောင်. . . ဝေဝေ. . . ဝေ” ရယ်လို့မြည်အောင် ခပ်ဆတ်ဆတ်လေး ထုလိုက်လေတော့၏။ ပြီးလေမှ-

“သတ္တဝါချင်း ကိုယ်ချင်းစာပြီး မသတ်ဖြတ်လျှင် မရဘူးလား” မေးလာ၏။ ကျွန်တော်က ခေါင်းခါပြပြီး

“လူသားတွေကို ကိုက်သတ်နေဦးမှာ” ဟုပြောလိုက်၏။ “လူတွေက သူရှိရာလာကြတာကိုး. . သူက သူ့နေရင်းအရပ်မှာ နေတာပဲ”

“တောတောင် နားနေတဲ့သူက တောကိုသာမှီပြီး ဝမ်းစာရှာဖွေစား နေကြရတာလေ။ နို့ လူသားတွေရဲ့ ဝမ်းရေးကိစ္စ ဘယ်လိုလုပ်မလဲ. . . ” လင်းမြင့်လှိုင်က ဝင်ပြော လိုက်၏။

“ဟုတ်ပြီလေ. . . မလာမဖြစ်လာရတယ်ဆိုလျှင်ဖြင့်လည်း ကိုယ့်ဘက်က သတိဝီရိယတော့ရှိကြရမပေါ့. . . ကိုယ့်ဝမ်းစာအတွက် တစ်ပါးသတ္တဝါ ဒုက္ခပေး၊ သတ်ဖြတ်ပြီး အဆင်ပြေအောင် လုပ်မယ်ဆိုလျှင်ဖြင့် မကောင်းပါဘူး”



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ဘူးလေ ရသေ့ကြီးရဲ့ သူက ကျားဆိုးလေ"

"ဟုတ်ပါပြီ တခြားနည်းနဲ့လည်း ဖြေရှင်းလို့ရပါတယ်"

"မဖြစ်နိုင်ပါဘူး. . . ကဲပေါ်လေ ပြောပါဦး ဘယ်လိုနည်းများပါလိမ့် ရသေ့ကြီးရယ်"

လင်းမြင့်လှိုင်က သို့ပြောလိုက်သည်တွင် ရသေ့က ပြုံးစစဖြင့်-

"ဆိုပါစို့. . . သူခိုးတစ်ယောက်ကွာ. . . ခိုးလေ့ခိုးကျင့်က ရှိနေပြီ။ သူ့ဝမ်းစာအတွက် အမြဲခိုးစားနေတော့တယ်။ သူ့ကိုလည်း သူခိုးမှန်းသိတယ်။ သည်တော့ ကိုယ်က သူမခိုးနိုင်အောင် သတိရှိရှိနေကြ ထိုင်ကြမယ် ဆိုလျှင်ဖြင့် "သူ" ခိုးလို့ ရပါတော့မလား၊ "သူ" ခိုးလို့မရတော့တဲ့အခါ သူ့ဝမ်းရေးက ပြဿနာ ဖြစ်လာပြီ။ သည်တော့ ငါလုံးဝခိုးဝှက်လို့မရတော့တဲ့ အတူတူ၊ ငတ်သည်ထက် ငတ်နေတော့မယ့်အတူတူ၊ ငါတခြားအလုပ်ပဲ လုပ်စားတော့မယ် ဆိုပြီး ခိုးဝှက်ချင်တဲ့စိတ် လုံးဝပျောက်မသွားနိုင်ပေဘူးလား. . . အဲလိုပဲ. . . သည်ကျားဆိုးက လူသားသတ္တဝါကို ဒုက္ခပေးဖို့ ချောင်းနေတယ်။ လူသားတွေ

www.burmeseclassic.com



ကလည်း အလစ်အငိုက် မပေးဘူး။ အမြဲသတိရှိနေကြမယ်ဆိုလျှင်ဖြင့် သည်ကျားဆိုး ဘယ်လောက် ကြာကြာ တောင့်ခံနိုင်မလဲ. . . သူ့တွက် မဖြစ်နိုင်တော့တဲ့. . . ကိစ္စကို မျှော်တလင့်လင့် စောင့်နေပါဦးမလား. . .”

ရသေ့စကားက ကျွန်တော်တို့ နှစ်ယောက်ကို တွေဝေသွားစေတာတော့ အမှန် ဖြစ်သည်။

သို့ကြောင့် လင်းမြင့်လှိုင်နှင့် ကျွန်တော်သည် “ဘယ်လိုသဘောရလဲ” ဟု အဓိပ္ပာယ် ပါပါကြည့်လိုက်ကြ၏။

ပြီး ရသေ့ဘက် မျက်နှာ ပြန်မူလိုက်ကြသည်။

“ဟင်!”

“ဟာ”

ရသေ့ မရှိတော့ချေ. . . သူတို့အပါးမှ ထွက်သွားချေပြီ။

“နောင်. . . ဝေ. . . ဝေ. . . ဝေ” ရယ်လိုကြေးစည်သံ ကြားရာသို့ လှမ်းကြည့်လိုက်သည်။

ခြေလှမ်းမှန်မှန် လျှောက်သွားသော ရသေ့၏ နောက်ကျောပြင်ကိုသာ တွေ့လိုက်ရတော့၏



www.burmeseclassic.com

www.burmeseclassic.com



တဖြည်းဖြည်း အမှောင်ထုတွင်း ဝင်ရောက်ပျောက်ကွယ် သွားတော့၏။

"ရသေ့. . . ဒီနှားတစ်ဝိုက်တင် သီတင်းသုံးနေတာ ဖြစ်မယ်" ကျွန်တော်က မှတ်ချက် ချလိုက်သည်။

"ကဲ. . . ကိုပိုက် ဘယ်လို သဘောရသလဲ"

"ဘာကို ဆိုလိုချင်တာလဲ" ဟု လင်းမြင့်လှိုင်အမေးကို ကျွန်တော်က သို့နှယ် ပြန်မေးလိုက်၏။

"အော် - ကျွန်တော်တို့ သည် "သင်္ဂဒူ"တောလာကြတာ လူသားတွေကို ဒုက္ခအကြီးအကျယ်ပေးလာတော့မယ့် လူသားစားဖူးသွားတဲ့ ကျားကိုသတ်ဖြတ်နှိမ်နင်းဖို့ မဟုတ်လား. . . ခု ရသေ့ကလာပြော သွားတော့ ဘယ်လို လုပ်ကြလျှင် ကောင်းမလဲ တိုင်ပင်ကြည့်တာပါ"

"အင်းဗျ. . . နို့ပေမင့် ဒီလိုရှိတယ်. . . လူသားတွေက မေတ္တာထားတတ်တယ်။ ထားနိုင်တယ်။ သားရဲကောင်တွေက မေတ္တာဆိုတာ သူတို့သိမှာ မဟုတ်ဘူး၊ သူတို့ဝမ်းစာအတွက် အကြမ်းဖက်သတ်ဖြတ်စားတဲ့ ဉာဉ်ကိုတော့ ဖျောက်ကြမှာ မဟုတ်ဘူး. . . နို့ကြောင့် သူတို့ကို ကိုယ်ကလည်း အကြမ်း



www.burmeseclassic.com

www.burmeseclassic.com



ဖက်သတ်ဖြတ်သုတ်သင်လျှင်ဖြင့် ဒီကိစ္စ ငြိမ်းသွားလောက်ပါတယ်"

"အင်းလေ. . . မီးစင်ကြည့်ကကြတာပေါ့"

လင်းမြင့်လှိုင်က သို့နှုယ်ပြောပြီး - "အိပ်ချင်ပြီဗျာ" ဟု ဆိုကာ မီးပုံနံဘေးမှ ထသွားလေတော့သည်။

ကျွန်တော်သည် တစ်ယောက်တည်း မီးပုံနံဘေးတွင် ထိုင်နေခဲ့ပြီး. . ရသေ့ပြောခဲ့သည်များကို ပြန်လည် စဉ်းစားနေလိုက်၏။

သို့စဉ်းစားနေဆဲ အိပ်ချင်လာသည်ကြောင့် ဝါးတဲလေးတွင် တက်အိပ်လိုက်တော့သည်။

တစ်ခဏတွင်းမှာပင် နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားတော့သည်။

နံနက် မိုးလင်းသည်တွင် ထိုနေရာလေးမှ ထွက်ခွာခဲ့ကြသည်။

မနီးတောလေးတစ်ခုနား အရောက်တွင် တောဝက်တစ်ကောင် တွေ့သည်ကြောင့် ကျွန်တော်သည် လက်တွင်းရှိ သေနတ်ဖြင့် လှမ်းပစ်လိုက်သည်။

"ဒိန်း"

"ကွီးစ်" ရယ်လို့ အော်မြည်ကာ ဖင်ထိုင်ကျ



www.burmeseclassic.com

www.burmeseclassic.com



သွားတော့၏။ နွံအိုင်လေးတွင် လူးလွန့်နေ၏။

"ကွိ ကွိ . ." "ကွိ ကွိ" ရယ်လို့ အော်မြည်ရင်း လူးလွန့်နေသည်ကြောင့် လင်းမြင့်လှိုင်က အနားကပ် ကျည်တစ်တောင့် ပစ်လိုက်ပြန်၏။

"ဒိန်း"

သွေးတို့ ဖြာထွက်ကာ ကျွန်တော်တို့ကိုပင် လာရောက်ထိ ပေကျံကုန်တော့၏။

တောဝက်သည်နွံတွင်းဝယ် ငြိမ်သက်သွားတော့၏။ အားလုံး ဝမ်းမြောက် ဝမ်းသာ ဖြစ်သွားကြတော့သည်။

"ကဲ နောင်မှ ခရီးဆက်ကြမယ် ခုသည်နားတင် တောဝက်ကို အသားဖျက်ပြီး ဆာလောင် မွတ်သိပ်နေကြခြင်းဒဏ်ကို ဖြေရှင်းကြစို့"

လင်းမြင့်လှိုင်က သို့နှုယ်ပြောပြီး စခန်းချရန် ပြောလိုက်၏။ သက်တောင့် သက်သာနေနိုင်မည့် နေရာ ထိုင်ခင်းလေးတစ်ခုတွင် နားနေလိုက်ကြ၏။

ရွာသားသုံးယောက်နှင့် လမ်းပြကြီး စောသာကဲသည် တောဝက်သေကို အသားဖျက်နေကြ၏။

ပြီးနောက် မီးဖိုကာ မီးကင်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



တောဝက်သည် အဆီမရှိ။ အခေါက်နှင့် အသားကပ်နေသည့်ကြားတွင် အဆီ ပြင်လွှာလေးသာ ရှိ၏။

တံစို့ထိုး မီးကင်ထားသည့် ကလီစာများသည်သာ စားရန် အဆင်ပြေလာပြီဖြစ်၍ ကျွန်တော်တို့သည် အသားများ မီးကင်နေဆဲ ထိုကလီစာကင်များကို အရင်စားနှင့်ကြတော့၏။ အားလုံးဆာနေကြပြီကိုး။ စားသောက်ပြီးတွင် ကျွန်တော်နှင့် လင်းမြင့်လှိုင်သည် ထိုနားပတ်ဝန်းကျင်တစ်ဝိုက် လေ့လာရေးထွက်လာကြ၏။ သို့ ဟိုစပ်စပ် သည်စပ်စပ် လုပ်နေကြရာမှ ကျားကောင်၏ ခြေရာကို တွေ့လိုက်တော့သည်။

"ခြေရာက လတ်သေးတယ်ဗျ"

"မနေ့တစ်နေ့ကလောက်မှာ ဒီနေရာက ထွက်သွားတဲ့ ခြေရာဗျ. . ."

လင်းမြင့်လှိုင်က ပြောသည်။

"နို့ဆိုလျှင်ဖြင့်. . . ကျားနာ. . . ကျားဆိုး ဖြစ်စေမဖြစ်စေ သည်ကောင့်နောက် ခြေရာခံလိုက်ကြစို့ဗျာ"

ကျွန်တော်က အားတက်သရော ပြောလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



သည်သို့ဖြင့် ကျွန်တော်တို့သည် ထိုညတွင်း စားသောက်ကြပြီး အိပ်လိုက်ကြကာ နောက်နေ့နံနက် စောစောတွင် ထိုနေရာလေးမှ နေပြီး. . . ကျား ကောင်ခြေရာနောက်သို့ လိုက်ခဲ့ကြတော့၏။

သို့ လိုက်ခဲ့ရင်းမှ ခြေရာသစ်များ တွေ့လိုက် ကြသည်တွင် အားရဝမ်းသာ ဖြစ်သွားကြတော့၏။

"သည်ခပ်ကြီးကြီးခြေရာက ခပ်လတ်လတ် ရှိသေးဗျ. . . ခြေရာကို ကြည့်ရတာ မြေပေါ်မှာ သူရဲ့ ခန္ဓာကိုယ်ကြီးကို ထိန်းပြီး ရပ်နေရတာခြင်း တူတူ နောက်ခြေတစ်ချောင်းက ဘာကြောင့် ထင် ထင်ရှားရှား မရှိရတာတုန်း"

လင်းမြင့်လှိုင်က ပြောလာသဖြင့် "သည်လို ရှိတယ် ကိုလင်းရဲ့ အဲဒီခြေရာ သိပ်မထင်တာ နောက် ခြေတစ်ချောင်းက ဒဏ်ရာရထားလို့ နို့မှမဟုတ် ကျိုး နေတော့ကာ အဲဒီခြေကို အားသိပ်မထည့်ဘဲ ဖွနင်း ထားလို့ပေါ့ဗျာ. . ." ဟု ပြောလိုက်လေတော့မှ လင်း မြင့်လှိုင် သဘောပေါက်သွားပြီး-

"ဟာ. . . ဟုတ်တာပေါ့ဗျာ. . . နို့ဖြင့် ကျွန်တော်တို့ အဲဒီခြေရာနောက် လိုက်သင့်တယ်" ဟု ပြော၏။



www.burmeseclassic.com

www.burmeseclassic.com



"သိပ်မှန်တာပေါ့ဗျာ. . ."

သို့ဖြင့် ကျွန်တော်တို့သည် စခန်းနေရာလေးသို့ ပြန်လာခဲ့ကြသည်။

ကျွန်တော်တို့ပြန်ရောက်ပြီး မကြာမီ- ကြေးစည်သံလေး ကြားလိုက် ရသဖြင့် အသံလာရာသို့ လှမ်းကြည့်လိုက်ကြသည်။

မည်သို့ ထူးခြားမှုမျှ မရှိချေ။ တောဝက်တစ်ကောင်လုံး၏ ကလီစာများ ကုန်သွားပေပြား အသားကင်သည် ကောင်းကောင်း မကျက်သေးသဖြင့်-

"ရှေ့လျှောက် ရိက္ခာအတွက် သည်တောဝက် မီးကင်ကို ကျက်အောင် လုပ်ပြီး ယူသွားကြမယ်နော်. . . သည်မှာတင်ပဲ အပြီးအကျက် လုပ်ခဲ့ကြ" ဟု ရှာသားသုံးဦးကို မှာလိုက်ပြီး - သစ်ပင်ကြီးတစ်ပင် အောက်တွင် ကျောမှီလျက် ထိုင်လိုက်ကာ မျက်ဝန်းအစုံကို မှိတ်နားနေလိုက်၏။

တဖြည်းဖြည်းဖြင့် ငိုက်မြည်းလာ၏။

သို့ငိုက်မြည်းနေဆဲ. . . "မေတ္တာသုတ်ရွတ်ဖတ်သံကို ကြားလိုက်သဖြင့် ရသေ့ ရောက်လာပြီဟု ထင်လိုက်ကာ မျက်လုံးအစုံကို ဖွင့်လိုက်၏။

ရသေ့ရောက်လာခြင်း မဟုတ်၊ ရွာသားတစ်



www.burmeseclassic.com

www.burmeseclassic.com



ဦးမှ နှုတ်ကဗျတ်ဖတ်လျက် အသားကင်များကို လှန်လှောပေးနေခြင်း ဖြစ်သည်။

ကျွန်တော် ယဲ့ယဲ့ပြုံးလိုက်မိသည်။

မျက်လုံးအစုံကို ပြန်မှိတ်လိုက်ပြန်၏။

မကြာမီ ငိုက်မြည်းလာခြင်းသာ မဟုတ်လုံး၀အိပ်ပျော်သွားတော့သည်။

"ကိုပိုက်. . . ထ. . . ထ. . . ခရီးဆက်ကြမယ်"

ကျွန်တော်၏ ခန္ဓာကိုယ်အား လှုပ်ခတ်အော်ဟစ် နိူးလာမှုကြောင့် အိပ်ယာမှ နိုးလာတော့၏။

လင်းမြင့်လှိုင်သည် ခရီးထွက်ရန် အရံသင့်ပြင်ဆင်ပြီး ဖြစ်၏။ ရှာသားသုံးယောက်သည်လည်း ၀ါးပုလိုင်း ကိုယ်စီဖြင့် အသားကင်များ ထည့်ထားပြီးဖြစ်၏။

လမ်းပြကြီး စောသာကဲသည်လည်း ၀ါးပုလိုင်းတစ်လုံးကို လွယ်ပိုးထားပြီးဖြစ်တော့၏။

"ဆရာပိုက်. . . ငါတို့ သည်အချိန် ခရီးဆက်မှ ကောင်းမယ် ဒါမှ အချိန်မီ "ကန့်ကျိုးနိ" ချောင်းဖျားကို ရောက်မှာ" ဟု ပြော၏။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်သည် နံဘေးတွင် ထောင်ထား သော သေနတ်ကို ကပျာကယာ ကောက်ယူလျက် ထိုင်နေရာမှ ထလိုက်သည်။

ကျွန်တော် မတ်တပ်ရပ်ပြီးဖြစ်သည်နှင့် လမ်းပြကြီး စောသာကဲသည် ရှေ့မှ ဦးဆောင်ထွက် သွားလေတော့၏။

ကျွန်တော်တို့သည်လည်း သူ့နောက်မှ ကပ်လိုက်သွားကြတော့ သည်။

သို့ လျှောက်ခဲ့ကြရင်း ချောင်းပြင်ကျယ်ကြီး တစ်ခုသို့ ရောက်ခဲ့ကြသည်။

"ဒါ. . "ကန့်ကျုံနီ" ချောင်းပဲ" ဟုပြောတာ လမ်းပြကြီး စောသာကဲက ရေနည်းနေပြီဖြစ်သော ချောင်းပြင်ကျယ်သို့ ဆင်းလိုက်၏။ ရေသည် ခြေ မျက်စိသာသာ အတိမ်ဆုံးနှင့် ပေါင်လယ်လောက် အနက်အထိသာလျှင် ရှိတော့၏။

"သည်ချောင်းအတိုင်း ဆန်တက်သွားလျှင် ဖြင့်. . . ချောင်းဖျားရောက်ပြီပေါ့"

လမ်းပြကြီးပြောသည့် စကားကြောင့်ကျွန် တော်ပြုံးလိုက်၏။ ချောင်းအတိုင်း ဆန်တက်လျှင် ချောင်းဖျားရောက်ပြီ ဆိုသည်ကို ငတိုင်းသိနေကြ



www.burmeseclassic.com

www.burmeseclassic.com



ခြင်းအား အဆန်းတကြယ် ပြောနေသဖြင့် ရယ်မိခြင်း ဖြစ်သည်။

"ဟာ. . ." ခုမှ ကျွန်တော် သတိရမိ၏။ သို့ကြောင့်-

"ဖထီနေပါဦး ကျွန်တော် ပြောဖို့ မေ့သွားတယ် စောစောက ကျွန်တော်နဲ့ ကိုလင်း ဟင်းကောင်ခြေရာ သစ်သစ်လွင်လွင် တွေ့ထားတော့ကာ အဲဒီခြေရာ နောက်လိုက်ကြမယ် တွက်ထားသဗျ။ ခုဖထီက သည်ဆက်လျှောက်လာတော့၊ ဘုမသိ ဘမသိ ကျွန်တော်ကလည်း လိုက်လာမိတာ"

သို့ ပြောလိုက်သည်တွင် "ဟုတ်တယ် ဖထီ ကျွန်တော်လည်း တစ်ချက်မေ့သွားတယ်" ဟု လင်းမြင့်လှိုင်ကလည်း ဝန်ခံလေတော့၏။

လမ်းပြကြီး စောသာကဲက ပြုံးလျက်

"ငါလည်း အဲဒီခြေရာတွေ့ပြီး ပါပြီကွ၊ ဒါကြောင့် သည်ဘက်ထွက်လာတာပေါ့"

"ဟင်! ဖထီကလည်း. . . အဲဒီခြေရာတွေ တွေ့လျက်နဲ့ ဘာလို့ အဲဒီခြေရာနောက် မလိုက်တာလဲ"

"ဟား. . . ဟား. . . ဟား. . . ဟား. . .



www.burmeseclassic.com

www.burmeseclassic.com



ခုအဲဒီခြေရာနောက် လိုက်နေတာပေါ့”

ကျွန်တော်တို့ကို သို့နှယ် ဟားတိုက်ရယ်မော ပြောလာသဖြင့် စဉ်းစားမရဖြစ်မိ၏။

“တစ်လမ်းစီပေပဲ. . ဖထီးသာကဲ ရှူးသွား လေပြီလား။ ကြဲကြဲဖန်ဖန် ရေထဲ လျှောက်သွားနေမှ တော့ ခြေရာဘယ်တွေ့နိုင်ပါလဲ. . . သို့ကြောင့် ကျွန်တော်နှင့် လင်းမြင့်လှိုင်သည် လမ်းပြကြီး စောသာကဲကို ဝေခွဲဆုံးဖြတ်ရဟန်ဖြင့် ငေးကြောင် ကြည့် နေကြသည်မှလွဲ၍ မည်သို့ပြောရ၊ လုပ်ရမည် မသိ နိုင်ပါတော့ချေ။

“ငါကိုတော့ဖြင့် ဆရာလေးတို့က ဒီကရင် ကြီး ရှူးသွားပြီ။ ရေထဲက လိုက်နေတာ ဘယ့်နှယ် ကြောင့် ခြေရာရှာတွေ့မတုန်းလို့ ထင်နေကြတယ် မဟုတ်လား။ အေး. . . ငါရှင်းပြမယ်။ အဲဒီတောင် ကြောလေးကို ငါရောက်ဖူးတယ်။ ကျားခြေရာက အဲဒီ အတိုင်း ဦးတည်နေတော့ကာ သူသွားမယ်ဆိုလျှင် ဖြင့် တောင်ကြောမကြီးထိသွားမှာ သေချာတယ် ဘာ လို့လဲဆိုတော့ အဲဒီတောင်ကြောမကြီးမယ် အင်တန် ကောင်းတဲ့ ဝါးတောကြီး ရှိနေလို့ပဲ. . . ကျားဆိုတာ ဝါးတောထဲမှာ ပိုနေတတ်ကြတယ်။ ဝါးတောဆိုတော့



www.burmeseclassic.com

www.burmeseclassic.com



မျှစ်ပေါတယ်။ တောဝက်တွေက မျှစ်ကိုစားတတ်ကြတယ်။ ကျားရဲကောင်အတွက် အစာပေါ့။ သည်တော့ကျားရဲကောင်ရဲ့ ခြေရာလမ်းကြောင်းအတိုင်း လိုက်နေလျှင်ဖြင့် အတော်သွားရလိမ့်မယ်။ ခုသည် "ကန့်ကျုံး" ချောင်းအတိုင်း ဆန်တက်လျှင်ဖြင့် ချောင်းဖျားရောက်လျှင်. . . ဝါးတောရောက်ပြီပေါ့"

သို့ သူရှင်းပြလေမှ ကျွန်တော်တို့ သဘောပေါက်သွားကြတော့၏။

သို့ကြောင့်လည်း လမ်းပြအလုပ် လုပ်စားနေတာကိုး။ အမှန်ပင် နေစောင်းလုတွင် ချောင်းဖျားသို့ရောက်လာ၏။

ဝါးတောအစပ် တောအုပ်လေးထဲတွင် ကျွန်တော်တို့ စခန်းချလိုက်ကြ၏။

"သည်သားကောင်ကို ဘယ်လို လိုက်ရှာကြမလဲ"

လင်းမြင့်လှိုင်က မေးလာ၏။

"ကျားကောင်ကို လိုက်ရှာစရာမလိုဘူး. . . ဝါးမျှစ်ပေါတဲ့ နေရာကို ရှာဖို့လိုတယ်. . . " လမ်းပြကြီးစောသာကဲ ကဝင်ပြော၏။

"ဘာလို့လဲ. . . ဘာဆိုင်လဲ"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က မေးလိုက်၏။

"ဆိုင်ပြီကော ဆရာလေးရယ်. . . မျှစ်စို့ကြီးတွေ ရှိတဲ့နေရာတွေ့လျှင်ဖြင့် တောဝက်တွေ တွေ့နိုင်တယ်။ တောဝက်အုပ်ရှိလျှင် ကျားကောင်လာနိုင်တယ်. . ."

လမ်းပြကြီး ပြောသည်ကို ကျွန်တော် လက်မခံပါချေ။ သို့ကြောင့် ခေါင်းကို ခါယမ်းလိုက်ပြီး-

ကျွန်တော်တို့ ခြေရာခံလိုက်နေတာက လူသားစား ကျားနာကျားဆိုးလေ သည်အကောင်မျိုးတသည်လို တောဝက်တွေကို သတ်ဖြတ်စား သောက်နိုင်စွမ်းမရှိလို့. . . လွယ်လင့်တကူ ဖမ်းယူ စားသောက်နိုင်တဲ့ လူသားနဲ့ အိမ်မွေးကျွဲ၊ နွားတွေကိုလိုက်ပြီး သတ်ဖြတ်စားနေရတာ မဟုတ်လား ဘယ့်နှယ်ကြောင့် တောဝက်အုပ်ရှိနိုင်တဲ့ နေရာမယ် သူရှိပါ့မလဲ"

သို့ပြောလိုက်၏။

လမ်းပြကြီးက. . . "ပုံသေတွက်ထားလို့မရဘူးလေ။ လူသားကို အကြောင်းကြောင်းပြောင်စားလိုက်မိပြီး. . . ခံတွင်းတွေ့လို့သာလျှင်ဆက်ပြီး သတ်ဖြတ် စားနေတာကော မဖြစ်နိုင်ဘူးလား။ အဲ



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ သားကောင်သားကိုလည်း အချိန်မရွေး သူဖမ်းယူစားသောက်နိုင်ပါလျှင်ဖြင့် ဘာလိုပြောမတုန်း"

လမ်းပြကြီး စောသာကဲ ပြောသည်မှာလည်း ဟုတ်နိုင်ဖြစ်နိုင်ပေ၏။ သို့ကြောင့်-

"သည်ညတော့ သည်မယ် တစ်ညနားပြီး နောက်နေ့မနက်မှ ဝါးမျှစ်ပေါတဲ့ နေရာ လိုက်ရှာကြစို့"

သည်သို့ဖြင့် ကျွန်တော်တို့သည် ဝါးတောအစပ်တောအုပ်လေးတွင် တစ်ည စခန်းချလိုက်ပြန်၏။

ရိက္ခာအလို့ငှာ ပူစရာမလို၊ တောဝက်သားမီးကင်များ လုံလုံလောက်လောက် ရှိနေပြီ ဖြစ်သည်။

နောက်တစ်နေ့တွင် ကျွန်တော်တို့သည် ဝါးမျှစ်များရှိမည့် နေရာကို လိုက်ရှာကြ၏။ သို့ရှာရင်း ကျားကောင်ခြေရာ တွေ့လိုတွေ့ငြားရှာကြသေး၏။ ခြေရာဟောင်း များသာတွေ့၏။ ခြေရာ သစ်များ မတွေ့။ ခက်သည်ကား ဆောင်းဦးရာသီ ဖြစ်သည် ကြောင့် ဝါးများများ တွေ့ရရန် သိပ်မလွယ်။ သို့ ငြား. . ကံကြမ္မာက ဖန်တီးလာလေတော့ သွားထူး



www.burmeseclassic.com

www.burmeseclassic.com



ခြားခြား ရှားရှားပါးပါး ဝါးမျှစ်များ ကြိုကြားပေါက်နေသည့် ဝါးတောကို တွေ့ကြ၏။

သို့ဖြစ်၍ ထိုနေရာတစ်ဝိုက်ရှိ သင့်တင့်လျှောက်ပတ်အဆင်ပြေလောက်သည့် နေရာတွင် စခန်းချလိုက်၏။ စခန်းချသည် ဆိုရာတွင် ယခင်လို ဝါးတဲများ မထိုးလေတော့ဘဲ ဝါးမျှစ်ပေါသည့် ဝါးတောအတွင်းရှိ "ဇင်ပွန်း" ပင်ပေါ်တွင် လင့်စင်ထိုး၍ နေလိုက်ကြခြင်းဖြစ်၏။ ဝါးမျှစ်များ ပေါသည့်နေရာနှင့်အနီးဆုံးနေရာ ရှိအပင်ဖြစ်ချေတော့၏။

ရေမိုးချိုးပြီး. . . ကျွန်တော်တို့၏ ခြေရာလက်ရာများကို အတတ်နိုင်ဆုံး ဖျောက်ဖျက်ခဲ့ကာ လင့်စင်ပေါ် တက်လိုက်ကြသည်။

လင့်စင်ပေါ်တွင်ပင် စားသောက်လိုက်ကြ၏။ ညနေစောင်းတွင် ဝက်တစ်အုပ် ရောက်လာကြ၏။

"ကွိး ကွိစ် ကွိစ်" ရယ်လို့ အော်မြည်ဆူညံစွာဖြင့် မျှစ်များကို ထိုးကော်စားနေကြတော့၏။

ဝက်ကောင်ရေ ရှစ်ကောင်ခန့် ရှိ၏။

"ဖျောင်း"

ထိုစဉ် ကျွန်တော်တို့နောက်ဘက်မှ သစ်



www.burmeseclassic.com

www.burmeseclassic.com



ကိုင်းခြောက်ကျိုးသံကြားသဖြင့် လှည့်ကြည့်လိုက်ကြ၏။

"ဟာ!"

"ဟင်!"

ကျားကောင်ကြီး ဖြစ်ပေ၏။ တောင်စောင်းလေးမှ ချောင်းမြောင်းဆင်းလာဟန်ရှိပြီး သစ်ကိုင်းခြောက်တစ်ခုကို နင်းမိလိုက်သည်တွင် သို့နှယ် အသံထွက်လာခြင်းဖြစ်ချေ၏။

သို့အသံကြောင့်ပင် ဝက်အုပ်သည် အဝေးသို့ ပြေးလွှားထွက်သွား ကြတော့သည်။

ကျွန်တော်သည် ထိုကျားကောင်ကို မမှိတ်မသုန်ကြည့်နေလိုက်၏။

လင်းမြင့်လှိုင်က သူ့လက်တွင်းရှိ ဝင်ချက်စတာ ရိုင်ဖယ်ဖြင့် ထိုးချိန်ပြီး ဖြစ်နေတော့၏။

ကျွန်တော်သည် ထိုကျားကောင်ကို စူးစိုက်ကြည့်နေရင်းမှ တစ်စုံတစ်ရာကို သွား၍ စဉ်းစားမိလိုက်၏။

သားကောင်ချောင်းမြောင်းသည့် ကျားသည် ဘယ့်တွက် သစ်ကိုင်းခြောက်ကို နင်းမိနိုင်မည်နည်း။ တကယ်တော့ ကျားသည် တောဝက်အုပ်ကိုမြင်၍



www.burmeseclassic.com

www.burmeseclassic.com



ချောင်းမြောင်း လာခြင်း မဖြစ်နိုင်၊ သူ့လမ်းသူ လျှောက်ရင်း သစ်ကိုင်းခြောက် နင်းမိခြင်းသာ ဖြစ်ချိမ့်မည်။

လင်းမြင့်လှိုင်က ပစ်ခတ်ရန်အလို့ငှာ သေနတ်ပြောင်းခလုတ်ကို တင်လိုက်ပြီး ဖြစ်၏။

ထိုစဉ် လေပြင်းတစ်ချက်သည် ကျားကောင်ဘက်မှ တိုက်ခတ်လာသဖြင့် ဖျတ်ခနဲ အသိတစ်ခုတို ရုတ်ခြည်းဝင်လာ၏။ သို့ကြောင့်-

ကျားကောင်ထံသို့ သူ၏ သေနတ်ပြောင်းတို သေချာရေရာအောင် ချိန်မှတ်လိုက်ပြီး လက်ညှိုးလေးကို ကွေးတော့အံ့ဆဲဆဲတွင် ကျွန်တော်က

"ကိုလင်း မပစ်နဲ့ မပစ်နဲ့" ဟု အော်တာ လင်းမြင့်လှိုင်၏ သေနတ်ပြောင်းကို မိုးပေါ်သို့ ဆွဲထောင်လိုက်သည်။

"ဒိန်း"

လင်းမြင့်လှိုင်ကလည်း မောင်းထိန်းခလုတ်ကို ဖြုတ်လိုက်ပြီးဖြစ်တော့၏။

တော်သေးသည်မှာ သူ၏ သေနတ်ပြောင်းသည် မိုးပေါ်ထောင်သွားခြင်းကြောင့် ဖြစ်တော့၏။

"ဟာ!"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့အမြင် ကျားကောင်သည် ရသေ့ ဖြစ်သွားရတော့၏။

"ဟူး" တော်ပါသေးရဲ့။

ကျွန်တော် အသိမြန်ပေလို့ ဖြစ်သည်။ ကျား ကောင်ကို စူးစိုက်ကြည့်နေရာမှ ကျား၏မျက်နှာသည် ကြောက်စရာမကောင်းဟု ထင်မိလိုက်သည်နှင့် လေ ပြင်းတစ်ချက် တိုက်လာခြင်းကြောင့် ဘာရယ်လို့တော့ မသိ။ ကျားကောင်မဟုတ်မှန်းတော့ သိလိုက်၏။

ဘယ့်တွက်မှု ကျားကောင်ဖြစ်ပါမှု လေ တိုက်လာသည်နှင့် ပုပ်အဲ့အဲ့အနံ့က ပါလာရမည်ဖြစ် ငြား ယခုမူ ကြာညိုနံ့ မွှေးပျံ့လာသည်ဖြစ်၍ သက်ာ မကင်းဖြစ်မိခြင်းကြောင့် ကပျာကသီ ဟန့်တားလိုက် ရခြင်းဖြစ်၏။

ထင်လိုက်သလို ကျားကောင်မဟုတ်။ ရသေ့ ဖြစ်နေတော့၏။

ကျွန်တော်နှင့် တွေ့ခဲ့သော ရသေ့ဖြစ်သည် ကြောင့် ကြည့်နေကြဆဲ. . . "ဟာ. . ဒါ ဖိုးမောင် မဟုတ်လား" လမ်းပြကြီးစောသာကဲက ရွာသားသုံး ယောက်ဘက် လှည့်ကာ မေးလိုက်တော့သည်။

"ဟုတ်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်. . . ဟုတ်တယ်"

သုံးယောက် တစ်ပြိုင်တည်းအဖြေဖြစ်၏။

"ဖိုးမောင်က သေပြီပဲ တို့လူမှားနေတာများ လား"

"ဖိုးမောင်မှ ဖိုးမောင်အစစ်ပါ"

"နို့ဖြင့် တို့တွေ သူရဲခြောက် ခံနေရတာပေါ့"

ရွာသားတစ်ဦးက ကြောက်ရွံ့ထိတ်လန့်သော လေသံဖြင့် ပြောလာ၏။

"ဒါသူရဲတစ္ဆေမဟုတ်ဘူး. . ရသေ့ စင်စစ်ပဲ ကျွန်တော်နဲ့ စကားတောင်ပြောဖူးတယ်"

"ဘယ်လိုဗျ"

လမ်းပြကြီး စောသာကဲက အံ့ဩစွာဖြင့် မေးလာ၏။

လင်းမြင့်လှိုင်ကလည်း "ဟုတ်တယ် ဖထီး ဟိုနေ့ညက ကျွန်တော်နဲ့ ကိုပိုက်အဲဒီရသေ့နဲ့ စကား ပြောဖြစ်ကြသေးတယ်" ဟုဆိုကာ ထိုနေ့ညက ကျွန်တော်တို့နှစ်ယောက်ကြုံခဲ့ရသည်ကို အသေးစိတ် ပြန် ပြောလိုက်၏။

"အင်း. . . ဒီရသေ့က အတော်ထူးကို ဦး ဖိုးမောင်နဲ့ တူတာဗျာ ဖြစ်တော့မဖြစ်နိုင်ပါဘူး ထင်

www.burmeseclassic.com



ပါရဲ့. . . ကျွန်တော်တို့ပဲ မီးသဂြိုဟ်ပေးခဲ့တာ"

ရွာသားတစ်ဦးက ဝေခွဲမရလေသံဖြင့် ညည်းညူပြောလေသည်။

"ဟာ!"

ကျွန်တော်တို့ ငြင်းခုံပြောဆိုနေဆဲ ထိုရသေ့သည် အဝေးသို့ ရောက်သွားချေပြီဖြစ်၏။

"နောင် ဝေ. . ဝေ. . ဝေ" ရယ်လို့ ကြေးစည်သံလေး တစ်ချက် သဲ့သဲ့ကြားလိုက်ကြရ၏။

"ကဲ. . . ကိုလင်းလာဗျာ"

ကျွန်တော်သည် ကပျာကသီ လင့်စင်ပေါ်မှ ဆင်းလိုက်ပြီး ထိုရသေ့နောက်သို့ အပြေးကလေး လိုက်သွားတော့၏။

ကျွန်တော့်နောက်မှ အားလုံးလိုက်ပါလာကြသည်။ ကျွန်တော်တို့သည် အပြေးကလေးလိုက်ခဲ့ ပြား ထိုရသေ့ကို လိုက်မမီခဲ့ပါချေ။ သို့ကြောင့် လာ လမ်းအတိုင်း ပြန်ခဲ့ကြတော့၏။ မိုးချုပ်လုတိုင်. . . လင့်စင်ထိုးထားရာ ပြန်ရောက်မလာသည်ကြောင့် ကျွန်တော်တို့ လမ်းမှားနေကြပြီကို သိလိုက်ကြရ၏။

သို့ဖြစ်၍ တောင်ကုန်းလေးတစ်ခုရှိ သစ်



www.burmeseclassic.com

www.burmeseclassic.com



တစ်ပင်အောက်တွင် ညအိပ်စခန်းချရန် စီစဉ်လိုက်ရတော့၏။

ထိုနေရာလေးတွင် တစ်ညတာ စခန်းချအိပ်ခဲ့ကြပြီးနောက်နေ့ ဝေလီဝေလင်းတွင် ထိုတောင်ကုန်းလေးမှ ဆင်းလာလိုက်ကြ၏။

"အလိုလေးဗျာ"

ငါးမိနစ်ခရီးပင် မလျှောက်လိုက်ရချေ။ မနေ့က လင့်စင်ထိုးခဲ့သောနေရာသို့ ပြန်ရောက်ခဲ့ကြတော့၏။

ညက ကျွန်တော်တို့ တောမှောက်ခံ ခဲ့ကြရသည်ဖြစ်မည်။

"ကိုလင်း. . . သည်မယ် ကြည့်ပါဦးဗျာ"

ဝါးမျှစ်များ လာရောက်စားသည့် တောဝက်ကြီးတစ်ကောင်သည် ဒဏ်ရာဒဏ်ချက်များစွာဖြင့် သေဆုံးနေသည်ကို တွေ့လိုက်ရသည်။

တောဝက်သေကြီး၏ နံဘေးတစ်ဝိုက်တွင် ကျားခြေရာများကို တွေ့လိုက်ရခြင်းအားဖြင့် ကျားကိုက်သွားသည်မှာ သေချာပေတော့၏။

သို့ဆိုပါလျှင် ကျွန်တော်တို့နှင့် ထိုကျားကောင် လွဲချော်အောင် ရသေ့ကြီးလာလုပ်သွားခြင်း



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ချိမ့်မည်။

အကယ်၍ ရသေ့ကြီးနောက် မလိုက်ခဲ့ပါလျှင် ညက ကျွန်တော်တို့ ထိုကျားကောင်ကြီးနှင့် ထိပ်တိုက်တိုးကာ ပစ်သတ်နိုင်ကောင်း သတ်နိုင်ပေလိမ့်မည်။

"တောက် နာလိုက်တာ"

လင်းမြင့်လှိုင်က မကျေမနပ် ဖြစ်နေ၏။

သို့ဖြင့် ကျွန်တော်တို့သည် ထိုနေရာလေးမှ ထွက်ခဲ့မည်အလုပ်တွင်

"သည်ကောင် သည်မယ် ရှိနေလျှင် - ကျားကောင် ပြန်လာမှာ သေချာတယ်၊ သည်တစ်ညစောင့်ကြည့် ချင်သေးတယ်"

လင်းမြင့်လှိုင်ပြောသည်ကို ကျွန်တော်လက်ခံလိုက်သည်။ ကျွန်တော်တို့ လင့်စင်ပေါ် ပြန်တက်ခဲ့ကြပြန်၏။

ထိုအချိန်မှစ၍ ထိုနေရာလေးမှ ဘယ်သို့မသွားကြတော့ချေ။ လင့်စင်ပေါ်တွင်သာ ရိက္ခာခြောက်လေးများကို စားသောက်လိုက်ကြ၏။

ညမှောင်စပျိုးသည့်တိုင် ထူးခြားမှု မရှိချေ။ တိတ်ဆိတ်လို့နေ၏။



www.burmeseclassic.com

www.burmeseclassic.com



အားလုံးဆိတ်ငြိမ်စွာ ထိုင်နေကြရသဖြင့် ညောင်းညာလာကြ၏။

မှာသားသုံးယောက်ကို ကျွန်တော်က အိပ်ခိုင်းလိုက်၏။ သူတို့ကို အိပ်ခိုင်းလိုက်ခြင်းသည် သူတို့သည် အမဲလိုက်သူ မုဆိုးများ မဟုတ်ခြင်းကြောင့် ပျင်းရိ ညောင်းညာကာ ဒုက္ခခံစားရမည်ကြောင့်ဖြစ်ခြင်း၊ တိတ်ဆိတ်ငြိမ်သက်စွာဖြင့် စောင့်စားလေမှ သားကောင် ရောက်လာမည်ဖြစ်ခြင်းကြောင့် သူတို့ မအိပ်သေးလျှင် ဆိတ်ငြိမ်မှု ရှိမလာနိုင်ခြင်းကြောင့် တစ်ချက်ခုတ် နှစ်ချက်ပြတ် ဆိုသလို အိပ်ခိုင်းလိုက်ခြင်းဖြစ်၏။

သူတို့သည် လွှန်မင်းစွာ သဘောကျသွားကာ လင့်စင်ပေါ်တွင် လှဲအိပ်လိုက်ကြတော့၏။

"ဟူး. . ." တော်ပါသေးရဲ့. . . ဘယ်သူမှ ဟောက်တတ်ခြင်း မရှိ၍ဖြစ်၏။

ကျွန်တော်တို့ သုံးယောက်သည် တောဝင်သေကြီးရှိရာသို့ ငေးစိုက်ကြည့်နေကြ၏။

"ဝေါင်း"

"ဂရောင်း"

ထိုစဉ် ကျားဟိန်းသံပေါ်လာ၏။



www.burmeseclassic.com

www.burmeseclassic.com



လာချေပြီ။ ကျားကောင် လာချေပြီ။ သို့ကြောင့် ကျွန်တော်တို့သည် သေနတ်ကိုယ်စီ မောင်းတင်လိုက်ကြ၏။

ကျားကောင်သည် ရှေ့တောင်ကြောလေးမှ ဆင်းလာနိုင်၏။ သို့ကြောင့် ထိုတောင်ကြောလေး ဘက်မျက်နှာမူကာ စူးစိုက်ကြည့်နေလိုက်ကြ၏။

"ချောက်" "ချောက်"

"ဖရောက်" "ချောက်"

သစ်ရွက်ခြောက်များပေါ် နင်းလျှောက်လာသံဖြစ်၏။ ကျွန်တော်သည် သေနတ်ဖြင့် တောင်ကုန်းလေးပေါ်သို့ ထိုးချိန်ထားလေသဖြင့်-

"ကိုပိုက်. . . သူ တောဝက်ဆီကိုလာမှာ သည်တော့မှ ချက်ကောင်း အခွင့်ကောင်း ယူပစ်ပါလား"

လင်းမြင့်လှိုင်က တိုးညှင်းစွာ သတိပေးလာ၏။ ကျွန်တော် ခေါင်းညိတ်ပြလိုက်သည်။ သေနတ်ပြောင်းကိုတော့ တောင်ကုန်းလေးဘက်သို့ ထိုးချိန်ထားဆဲဖြစ်သည်။

လေပြည်တစ်ချက် တိုက်ခတ်လာ၏။ ညှော်သိုးသိုး ပုပ်အဲ့အဲ့ပါ ရနံ့က ပျံ့လွင့်ပါလာသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျားကောင်လာပြီ သေချာ၏။ "လ" က လည်း မထွက်သေး။ ကောင်းကင်ယံတွင် တစ်စစီ ပြန့်ကျဲနေသည့် ကြယ်တို့သည် ပင်လုံးကြီး မြင့်မား မား၊ အကိုင်းအခက်တို့ အုံ့ဆိုင်းနေသည့် ဝါးတော အတွင်း အလင်းမပေါက်နိုင်ကြချေ။ သို့ဖြစ်၍ မျက် လုံးကို အားယူဖွင့်ထားလိုက်ရတော့၏။

"ဟင်"

ထိုတောင်ကြောလေးမှ ခြေသံမှန်မှန်ဆင်း လာသည်မှာ ကျားကောင်မဟုတ်။ ခြေနှစ်ချောင်းသာ ရှိ သတ္တဝါဖြစ်၏။ နာနာဘာဝလေလားဟုပင် ထင်ရ ၏။

သေချာ စိုက်ကြည့်နေမိ၏။ အမှောင်တွင် ကျင့်သားရလေပြီ ဖြစ်သော မျက်ဝန်းတစ်စုံက ထို ဆင်းလာသည့် သတ္တဝါသည် ရသေ့တစ်ပါးဖြစ်နေ သည်ကို သိလိုက်ရတော့သည်။

ဦးခေါင်းငိုက်စိုက်၊ ခြေလှမ်းမှန်မှန်ဖြင့် ဆင်း လာခြင်းဖြစ်၏။

"ကိုလင်း မြင်လား" မေးလိုက်၏။

"မြင်တယ်. . ရသေ့ဗျ. . . ဒုက္ခပါပဲ"

"ဟွန်း"



www.burmeseclassic.com

www.burmeseclassic.com



သက်ပြင်းရှည်ကြီး ချလိုက်သည်။

ရသေ့သည် တဖြည်းဖြည်း တောဝက်သေကောင်နား ရောက်လာ၏။

“ဝေါင်း”

ထိုစဉ် စခန်းလင့်စင်နောက်ဘက်မှ ကျားကောင်အော်ဟစ်သံ ကြားရ၏။

“ဟာ”

သူသတ်ဖြတ်ထားသည့် သားကောင်ကို ပြန်လာစားသော ကျားဖြစ်ပေမည်။

ကဆုန်စိုင်း ပြေးလာ၏။

ရှေ့တောင်ကြောမှ ရသေ့ သည်လည်း တောဝက်သေနား ရောက်ပင်နေချေပြီ။

ရသေ့ ဒုက္ခရောက်ပေတော့မည်။

သို့ကြောင့် ကျွန်တော်သည် ပြေးလာသော ကျားကောင်ထံသို့ သေနတ်ပြောင်းကို လှည့်ကာ တပျာကသီ ပစ်လိုက်သည်။

“ဒိန်း”

ထိုကျားကောင်သည် တစ်ဖက်သို့ ယိုင်ထိုးသွားသော်ငြား ကျွန်တော်၏ ပစ်ချက်လွဲချော်သွားခြင်းကြောင့် နောက်ကြောင်းပြန်လှည့် ထွက်ပြေးသွား



www.burmeseclassic.com

www.burmeseclassic.com



တော့၏။

သို့ ကျွန်တော်ပစ်လိုက်သော သေနတ်သံကြောင့် ရသေ့သည်လည်း ထိုထွက်ပြေးသွားသော ကျားကောင်နောက်သို့ လိုက်ပြေးသွားသည်ကို ထူးဆန်းစွာ တွေ့လိုက်ရသည်။

"ဘယ်လိုလဲ ကိုပိုက်. . . ရသေ့က ကျားကောင်နောက် လိုက်ပြေးသွားတယ်ဆိုတော့ ထူးဆန်းသဗျ. ."

"ဟုတ်တယ် ကိုလင်း. . . ဘယ်လိုလဲ မသိဘူးဗျ. . . သူ့ကို အန္တရာယ်ပြုဖို့ ပြေးဝင်လာတဲ့ ကျားကောင်ကို ဝင်တားဆီးပေးလိုက်တာတောင်မှ ရသေ့က ဒဏ်ရာရသွားတဲ့ ကျားကောင်နောက် ပြေးလိုက် သွားရတယ်လို့ဗျာ. . . အန္တရာယ် များပါဘိနှယ်"

"ကဲ. . . အိပ်ကြစို့ဗျာ. . . မနက်ထမှ ပြန်စဉ်းစားကြတာပေါ့" ကျွန်တော်တို့သည် လင့်စင်ပေါ်တွင် လူ(၆)ယောက် ကျဉ်းကျဉ်းကျပ်ကျပ် အိပ်လိုက်ကြသည်။

မနက် မိုးစင်စင်လင်းသည်တွင် လင့်စင်ပေါ်မှ ဆင်းလိုက်ကြပြီး တောဝက်သေနေရာသို့ သွားကြ



www.burmeseclassic.com

www.burmeseclassic.com



ကြည့်လိုက်ကြ၏။

"ဟာ. . . ကိုလင်း ဒီမယ်လာကြည့်စမ်းဗျ"

တောဝက်သေနားရှိ ရသေ့ ညက ရပ်လျှက်နေသည့် နေရာ မြေပြင်သို့ ကြည့်ရင်း အံ့သြတကြီး ဖြစ်သွားမိ၏။

လင်းမြင့်လှိုင်သည် ကျွန်တော့်နား ရောက်လာပြီး မြေပြင်သို့ ငုံ့ကြည့်လိုက်၏။

"ဟာ. . . ညက ကျွန်တော်တို့ လှည့်စားခံလိုက်ရတာပဲဗျ တကယ်တော့ ရသေ့မှ မဟုတ်ဘဲ. ."

သို့နှယ်ပြောရင်း မြေပြင်တွင် ထင်ကျန်ရစ်သည့် ကျားခြေရာများကို သေချာကြည့်နေလေတော့၏။

ကျွန်တော်တို့သည် ကျားနာကျားဆိုးတစ်ကောင်ကို သုတ်သင်ရန် ခြေရာခံလိုက်ရင်းမှ ကျားတစ်ကောင်ကို ထပ်မံ ကျားဆိုးဘဝရောက်အောင် လုပ်လိုက်မိပြန်၏။

"ကဲ. . . ကိုပိုက် ဘာဆက်လုပ်ကြမလဲ"

လင်းမြင့်လှိုင်က သို့နှယ်မေးလာ၏။

ကျွန်တော် ဘာပြောရမည်မသိ ဖြစ်နေခဲ တွင် "နောင်. . ဝေ. . ဝေ. . ဝေ" ရယ်လို့ ကြွေးစည်



www.burmeseclassic.com

www.burmeseclassic.com



သံလေး ကြားလိုက်သဖြင့် လှည့်ကြည့်လိုက်ကြသည်။

ကျွန်တော်တို့ထံ လျှောက်လာနေသည့် ရသေ့ကို မြင်လိုက်သည်နှင့် လမ်းပြစောသာကဲက-

"ဟာ. . . ဖိုးမောင်ပါလား" ဟု နှုတ်မှ ရေရွတ်လိုက်သလို. . ." "ဦးဖိုးမောင်ကြီးဟေ့" ဟု ရွာသားသုံးယောက်တပါ သံပြိုင်ပြောလိုက်ကြ၏။

သို့ ပြောလိုက်ကြသံကြောင့် ရသေ့သည် မျက်လွှာချ ခေါင်းငုံ့ကာ ခြေလှမ်းမှန်မှန် လျှောက်ခဲ့ရာမှ ခေါင်းကို မော့ကာ မျက်လွှာကိုပင့်ကြည့်လာတော့သည်။

"အလို စောသာကဲပါကလား"

ရသေ့နှုတ်ဖျားမှ ထိုအသံထွက်လာသည်ကြောင့် စောသာကဲသည် မျက်လုံး မျက်ဆံပြူးသွားရတော့၏။

ရွာသားသုံးယောက်သည်လည်း အံ့ဩမင်တက်သွားကြ၏။ ကျွန်တော်နှင့် လင်းမြင့်လှိုင်တတော့ ဖိုးမောင်ဆိုတာကို မမြင်ဖူး၊ မတွေ့ဖူး၊ ရုပ်ပျက်ဆင်းပျက်နှင့် ကျားကိုက် သေနေသော လူတစ်ယောက်ကို ဖိုးမောင်ဟု သတ်မှတ်ပြီး လက်ခံလိုက်ကြပြီး သင်္ဂြိုဟ်ခဲ့သည် ကိုတော့ဖြင့် သိနေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုရသေ့သည် ဖိုးမောင်ဖြစ်နိုင်ပါမလား။ သို့ကြောင့် ဘာမျှ ဝင်ပြောခြင်းမရှိဘဲ ဘေးမှရပ်ကြည့်နေလိုက်တော့၏။

"ရသေ့က "လဟာမငယ်" ရွာသားဖိုးမောင် မဟုတ်လား" စောသာကဲက တုန်တုန်ယင်ယင်ဖြင့် မေးလိုက်၏။

ရသေ့က ပြုံး၍ ခေါင်းညိတ်ပြ၏။

"ဟင်!"

ရွာသားသုံးယောက် အံ့အားသင့် သွားကြသည်။

"ဦးဖိုးမောင်ကြီး ကျားကိုက်လို့သေသွားပြီ မဟုတ်လား ကျွန်တော်တို့ ကိုယ်တိုင် "သင်္ဂြိုဟ်" တောထဲကနေ အလောင်း ကောက်ပြီး "လဟာမငယ်" သုသာန်မှာ ပြန်သင်္ဂြိုဟ်လိုက်ကြပြီပဲ. . . ခုရသေ့က ဦးဖိုးမောင်အစစ်ပါနော်"

ရွာသားတစ်ဦး၏ ပြောစကားကြောင့် ရသေ့သည် ကြွေရရပြုံးလိုက်ပြီး

"ဖိုးမောင် အစစ်ပါကွ. . မင်းက ဒေါ်ခွေးမ သား၊ ငစိုး မဟုတ်လား။ ဟိုနှစ်ယောက်က ချင်းလေး ပောက်မော်နဲ့ မျိုးဝင်းနိုင်။ ချင်းလေး အမေက ဦး



www.burmeseclassic.com

www.burmeseclassic.com



အောင်စိန်တင်၊ မျိုးဝင်းနိုင် အဖေက ဦးလင်းမြင့် စပါးပွဲစား ဟုတ်တယ် မဟုတ်လား"

ရသေ့စကားကြောင့် သူတို့သည် အနည်းငယ် ကြောက်စိတ်ပြယ်သွားကြပုံရ၏။

မျိုးဝင်းနိုင်ဆိုသူ ရှာသားက-

"နို့. . . ကျွန်တော်တို့ လူမှားသဂြိုဟ်ခဲ့ကြတာပေါ့"

"ဖြစ်နိုင်တာပေါ့"

"ကဲပါ ဖိုးမောင်ရာ. . . ငါတို့ကို ဇာတ်စုံရှင်းပြစမ်းပါဦးကွာ. . . "

စောသာကဲက မေးလိုက်သည်။

"ကဲ. . . နို့ဖြင့် ငါ့နောက်က လိုက်ခဲ့ကြ. . ဒီတောင်ကြောလေးရဲ့ဟိုဘက်တစ်ဘက်မယ် ငါ သီတင်းသုံးနေတယ်။ အဲဒီမှာ အေးအေးလူလူ ပြောကြတာပေါ့"

"ငါ့အဖြစ်အပျက်လေးလည်း ပြောပြမယ်" ဆိုကာ ရှေ့မှဦးဆောင် ထွက်သွားရင်း ကျွန်တော်တို့ နားမလည်နိုင်သော ဘုရားစာကို ရွတ်ဖတ်သွားပြီး နောက် ကြေးစည်လေးကို "နောင်. . ဝေ. ဝေ. . ဝေ" ရယ်လို့မြည်အောင် သူကိုင်ထားသည့် ဘုတ်



www.burmeseclassic.com

www.burmeseclassic.com



လေးဖြင့် - ကြေးစည်လေးကို ခပ်ဆတ်ဆတ်လေး ထုလိုက်လေတော့၏။

ကျွန်တော်တို့သည်လည်း ရသေ့နောက်မှ ကပ်လိုက်သွားကြ၏။ ရသေ့ပြောသလိုပင် တောင်ကြောလေးတစ်ဘက် ဆင်းလိုက်သည်နှင့် ချောင်းမကြီးတစ်ခုကို တွေ့လိုက်ရ၏။

ထိုချောင်းမကြီး၏ တစ်ဖက်ကမ်းပါးယံပေါ်တွင် နေချင့်စဖွယ် ကုန်းပြောင်ပြောင်တွင် ဆောက်လုပ်ထားသည့် တဲလေးတစ်လုံးကို တွေ့ရ၏။

ကျွန်တော်တို့သည် ရသေ့က ထိုတဲရှိရာသို့ သွားနေသဖြင့်. . .

"ရသေ့ကြီးက အဲဒီမယ် သီတင်းသုံးတာလား" ဟုမေးလိုက်သည်။

ကျွန်တော့်အမေးကို ရသေ့က ယဲ့ယဲ့သာပြုံးပြီးခေါင်းညိတ်ပြလေ၏။

သို့ဖြင့် ကျွန်တော်တို့သည် မကြာလိုက်သည့် အချိန်လေးတွင်းမှာပင် ရသေ့၏ တဲသခ်မ်းလေးသို့ ရောက်ခဲ့ကြတော့၏။

ကျွန်တော်တို့သည် တဲသခ်မ်းပေါ်တွင် မထိုင်ကြလေဘဲ သစ်ပင်ရိပ်အောက်တွင် မြေပြစ်



www.burmeseclassic.com

www.burmeseclassic.com



လက်ပစ် ထိုင်လိုက်ကြတော့၏။ အင်မတန် လှပသာယာသော နေရာလေးဖြစ်၏။ အေးချမ်း၏။ ဆိတ်ငြိမ်၏။

ရသေ့သည် သူ၏တဲသခ်မ်းပေါ်မှ ငှက်ပျောသီးတစ်ခိုင် ယူလာကာ ကျွန်တော်တို့ကို စားစေ၏။

တောငှက်ပျောပင်မှည့် ဖြစ်ချိမ့်မည်။ ဆာလောင်နေသည်ဖြစ်၍ တစ်လုံးဖဲ့ကာ အခွံနွှာစားလိုက်သည်။

ထင်သည့်အတိုင်းပင် ပင်မှည့်သီး ဖြစ်ချေ၏။ အချိုရဲပြီး အချဉ်ဓာတ်လေးပါ၏။

ဖီးကြမ်းမျိုးဖြစ်သည်ကြောင့် ကုန်ခမ်းနေသည့် အားအင်များ ပြန်တိုးလာပေလိမ့်မည်။

ရသေ့ ချပေးလာသည့် ငှက်ပျောသီးခိုင်ကို တစ်ယောက် တစ်လုံးဖြုတ်လိုက်၊ စားလိုက်ဖြင့် အကြွမ်ကြွမ် အလီလီ။

သည်တွင် မကြာမီ အချိန်ကလေး၌ တစ်ခိုင်လုံးကုန်လုမတတ် ဖြစ်ချေတော့၏။

"ကဲ. . . ပြောပါဦး ဖိုးမောင်ရာ. . . မင်းဘယ်လို. . ဘယ်လို သည်လိုဘဝရောက်လာရတာတုန်း"



www.burmeseclassic.com

www.burmeseclassic.com



စောသာကဲက မေးလာသည်တွင်-

"ကျုပ် အိပ်မပျော်တဲ့ညတစ်ညမှာ ရွာထိပ်သုသာန်ဘက်က ကြေးစည်သံ ကြားတော့ အိမ်ပြင်ထွက်ကြည့်တဲ့အခါ သုသာန်ထဲကနေ လူတစ်ယောက်ထွက်လာပြီး ရွာပြင် ထွက်သွားတာ တွေ့လိုက်တော့ အံ့ဩသွားမိတယ်။ ညဥ့်နက်သန်းခေါင်ယံမယ် ဘာလာလုပ်တာလဲ. . . ဘယ်သူလဲ သိချင်တာနဲ့ အဲဒီလူနောက် လိုက်သွားတော့ကား သူ့အနားရောက်တော့ ပုခုံးကို လှမ်းပုတ်လိုက်တော့မှ သူလှည့်ကြည့်လာတယ်"

သို့ပြောပြီး ရသေ့သည် တဲသခ်မ်းသို့ သွားကာ ရေတစ်ခွက်ခပ်သောက်လိုက်၏။ ပြီးနောက် ပြန်လျှောက်လာလေ၏။

ရသေ့အနားမရောက်မီတွင် စောသာကဲက

"အဲဒီလူ ဘယ်သူလဲ၊ ဘာလာလုပ်တာတဲ့လဲ"

အလောတကြီးမေးလေတော့၏။

"ကျုပ်လည်း. . . ခင်ဗျားလို ဘယ်သူလဲ. . . ဘာလာလုပ်တာလဲ သိချင်လို့ သူ့နောက်လိုက်ခဲ့တာပဲဗျ" ဟုဆိုကာ အစချီ၍ အောက်ပါအတိုင်းစီကာပတ်ကုံးပြောလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

သစ်ပင်ရိပ်များ ထိုးနေခြင်းကြောင့် သဲကွဲစွာ မမြင်ရ။ သို့ကြောင့်သူသည် ထိုလူပုခုံးကို နောက်မှ ပုတ်ကာ "ဟိတ်လူ" ဟု ခေါ်လိုက်၏။

သည်တွင် ထိုသူသည် နောက်သို့ လှည့်ကြည့်လာပေတော့၏။

"ဟာ"

သူလုံးဝ မျှော်လင့်မထား။ လူသားတစ်ယောက်မဟုတ်သည်ကြောင့် အံ့ဩသွားမိသည်။

သူတို့ရွာနှင့် ရွာနီးစပ်ချုပ်မှာပင် မြင်တွေ့နေကျ မဟုတ်သည့် "ရသေ့" တစ်ပါး ဖြစ်နေတော့၏။

"ငါ မင်းကို လာခေါ်တာ"



www.burmeseclassic.com

www.burmeseclassic.com



သူအံ့အားသင့် မှင်တက်နေဆဲမှာပင် ရသေ့က သို့နှုတ်ပြောပြီး သူ့နဖူးကို ကြေးစည်ထုဘုတ်လေးဖြင့် ခပ်ဆတ်ဆတ်ထုကာ ပြောလိုက်သည်နှင့် သူသည် အိပ်မွေ့ချခံထားရသူတစ်ယောက်ပမာ ဖြစ်သွားပြီး. . . ရသေ့သွားရာနောက် တကောက်ကောက်လိုက်ပါသွားမိတော့၏။

သူမှတ်မိသည်မှာ တစ်ညလုံးရသေ့နောက်မှ ကပ်ပါလျှောက်လိုက်နေရခြင်း ဖြစ်၏။

သို့လျှောက်လိုက်လာရင်း အိပ်ငိုက်သွားသည်နှင့် ကြေးစည်သံလေး ကြားရ၏။ ထိုအခါ အိပ်ချင်စိတ်သည် လွင့်ပါး ပျောက်သွားရ၏။ သို့နှုယ်အကြိမ်ကြိမ် အလီလီ အိပ်ချင်စိတ်ပေါ်လာလိုက် ကြေးစည်သံလေးကြောင့် အိပ်ချင်စိတ် ပျောက်သွားလိုက်ဖြင့် မိုးစင်စင်လင်းလာတော့၏။

ဝါးတဲလေးတစ်ခုသို့ ရောက်လာ၏။ ထိုဝါးတဲလေးပေါ်တွင် တက်ထိုင်နားလိုက်ကြ၏။

သည့်နောက် သူလုံးဝအိပ်ပျော်သွားတော့သည်။ သူအိပ်ယာမှ နိုးလာသည်တွင် မျက်လုံးဖွင့်ကြည့်လိုက်သည်နှင့် တဲပေါ်မှ မဆင်းဝံ့ဖြစ်သွားတော့၏။



www.burmeseclassic.com

www.burmeseclassic.com



ဘယ်တွက်မူ တဲအောက်တွင် ကျားကြီးတစ်ကောင်သည် သူ့ကို ကျောပေးလျက် ငုတ်တုတ်ထိုင်နေခြင်းကြောင့် ဖြစ်သည်။

သူအင်မတန် တုန်လှုပ်ချောက်ချားသွားတော့၏။ အချိန်ကား နေမွန်းတည့်ချေပြီ။ သူလွန်မင်းစွာလည်း ဗိုက်ဆာနေပြီ ဖြစ်၏။

"ဘုတ်"

သူတုန်လှုပ် သွားပြန်သည်။ ကျားကောင်သည် သူ၏အမြီးဖြင့် မြေပြင်သို့ ရိုက်ချသံကို သူကြားလိုက်ရ၍ ဖြစ်၏။

ဘုတ် . . ဘုတ် . . ဘုတ်

"ဝေါင်း"

"ဂရောင်း ဝေါင်း"

အမြီးကို ပုတ်ခတ်ရင်း ခေါင်းကို ငဲ့စောင်းမော့လိုက်ပြီး . . . အော်ဟစ်လိုက်သံသည် သူ့ကိုရင်တုန်ပန်းတုန် နှလုံးခုန်ဖြစ်စေပြန်၏။

ကျားကြီးက သူ့အား ကျောပေးထား၍တော်သေးတော့၏။ သို့ဖြစ်သည် ဇောချွေးတို့ပြန်နေ၏။

သို့ကြားမှ ကျားကောင်ကြီး ဘက် လှည့်



www.burmeseclassic.com

www.burmeseclassic.com



မလာပါစေနှင့် ဟူ၍ ဆုတောင်းနေရပြန်၏။

သူသည် စခန်းတဲနောက်ဘက်သို့ ကြည့်လိုက်၏။

ကျားကြီးရှေ့ ဝေးနေတုန်း ထွက်ပြေးလျှင် လွတ်နိုင်ကောင်းရဲ့ဟု တွက်ကာ တဲပေါ်မှ ညင်သာစွာ ဆင်းလိုက်ပြီး ခြေဖွဖွ နင်းကာ သစ်ပင်ကြီးတို့ အကာအကွယ်ယူပြီး ထွက်လာလိုက်၏။

အတော်အတန် ခရီးပေါက်လာသည်ဟု သူထင်လိုက်၏။ သည်ခရီးလောက် ပေါက်လာလျှင်ဖြင့် ကျားကြီး မျက်ခြေပြတ်လောက်ပြီဟု တွက်ကာ ကျားကြီးနှင့် ဝေးသထက်ဝေးရန် ပုန်းလျှိုးကွယ်လျှိုးလာရင်းမှ ဖနောင့်နှင့် တင်ပါးတသားတည်းကျအောင် ပြေးထွက်လာမိတော့သည်။

သူတစ်ဦးတည်း တောနက်အတွင်း ပြေးလွှားနေသည်ဟု ထင်လိုက်မိသည့်ကြားမှ သူ့နောက်က ပြေးလိုက်လာသော ခြေသံကြောင့် ပြေးလျက်မှ လှည့်ကြည့်လိုက်၏။

"ဟာ"

သူလုံးဝထင်မထား။ ကျားကောင်သည် သူ့နောက်သို့ ကဆုန်ပေါက်ပြေးလိုက်လာ၏။



www.burmeseclassic.com

www.burmeseclassic.com



သူလွန်မင်းစွာ တုန်လှုပ်ချောက်ချားသွားသည်။ ဆက်ပြေးလျှင်လည်း လွတ်မည် မဟုတ်မှန်းသိလျက် ခွန်အားကို ပိုထည့်လိုက်သည်။

သူ၏ပြေးနှုန်းနှင့် ကျားကောင်၏ ပြေးနှုန်းသည် လုံးဝကွာခြားနေသည်ကြောင့် သူမည်မျှပင်အားစိုက်ပြေးပြေး ခြေကုန်လက်ပမ်းသာကျသွား၏။ ထိုနေရာမှ မဝေးပါကလားဟုပင် ထင်လိုက်မိ၏။ နောက်ဆုံးသူသည် ဟပ်ထိုးလဲကျသွားရတော့၏။

သူတော့ ကျားကိုက်သေရပေတော့မည်ဟု တွက်လိုက်မိပြီးဖြစ်၏။

"ဂရှူး - ဂရှူး - ဂရှူး" ရယ်လို့ ကြားလိုက်ရသောအသံကြောင့် သူ့အနား ကျားကောင်ရောက်လာချေပြီကို သိလိုက်၏။

"ဘုရား - ဘုရား - ဘုရား" ရယ်လို့ သုံးကြိမ်ရွတ်တလိုက်သည်။

ထိုအချိန်ကလေးမှာပင် "နောင်. . ဝေ. . ဝေ. . ဝေ" ရယ်လို့ ကြေးစည်သံလေး ကြားလိုက်ရ၏။

ထိုကြေးစည်သံလေးကြောင့် ပြေးသွားလာသော ကျားကောင်သည် သူ့နားရောက်လုတွင် ရပ်



www.burmeseclassic.com

www.burmeseclassic.com



တန့်သွားကာ ကြောင်လေးတစ်ကောင်နှယ် သူ့အပါး မှ ခွာထွက်ကာ ကြေးစည်သံပေါ်ထွက်လာရာသို့ သွားလေသဖြင့် သူသည်လည်း ကျားကောင်ထွက် သွားရာသို့ လိုက်ကြည့်တော့၏။

"ဟင်!"

သူ့ကို ခေါ်လာသည့်ရသေ့ ဖြစ်နေ၏။ ရသေ့ခြေရင်းတွင် ကျားကောင်က ကြောင်လေးတစ် ကောင်လို ပွတ်သပ်ဆော့ကစားနေပါကလား။ အံ့ ဖွယ်အတိဖြစ်တော့၏။

ရသေ့သည် သူ့ထံသို့ လျှောက်လာ၏။ ရသေ့အပါးမှ ကျားကောင် ပါလာသည်။

"သူ" မကြောက်တော့ပါ။ ကျားလိမ္မာမှန်း သူသိလိုက်ပြီကိုး။ တဲလေး ရှိရာသို့ ပြန်လာကြသည်။

တဲလေး ရှိရာသို့ ရောက်လုတွင် သူတို့နားမှ ကပ်ပါလာသည့် ကျားကောင်သည် ပြေးလွှား ထွက် သွားသဖြင့် သူကြည့်လိုက်၏။

ကျားကောင်သည် ဂျီ(ချေ)တစ်ကောင်ကို တွေ့သဖြင့် ပြေးလိုက်သွားခြင်းဖြစ်၏။

ဂျီငယ်သည် အန္တရာယ်ကျရောက်လာပြီကို သိသဖြင့် အားသွန်ခွန်စိုက်ပြေးထွက်သွားပြား



www.burmeseclassic.com

www.burmeseclassic.com



ကျားကောင်၏ အစာဖြစ်သွားရတော့၏။ သူမကြည့် ရက်ပါ။ ရက်စက်ကြမ်းကြုတ်လွန်း လှ၏။ အရှင် လတ်လတ် ကုတ်ဖဲ့ကိုက်ခဲ ဆွဲယမ်းနေသည်မှာ ရင် တုန်စရာဖြစ်၏။ ဂျီ(ချေ)ကောင် မည်မျှခံစားရမည် ကို ကိုယ်ချင်းစာမိ၏။

"ရသေ့ကြီး ကြည့်ရက်ပါပေ့" ဟု နှုတ်မှ ထွက်သွားတော့သည်။

ဤတွင် ရသေ့က တည်ငြိမ်သောလေသံ ဖြင့်-

"ဒါဟာ သဘာဝပဲလေ. . . သူ့ဝမ်းစာ သူ ရှာစားတာပဲလေ. . . သွားဟန့်တားလို့ ဘယ့်နှယ် ဖြစ်မှာတုန်း. . ."

"ဟင် ဒါဖြင့် စောစောက ကျွန်တော့်ကို ကြတော့. . ."

"ဒါက ဒီလိုရှိတယ်လေ. . . လူသားက သူ့ရဲ့အစာမှ မဟုတ်တာ ချည်း၊ သဘာဝ မကျဘူး လေ။ နို့ကြောင့် အချိန်မီ ကယ်လိုက်ရတာပေါ့"

"ဗျာ"

ရသေ့စကားကြောင့် သူ အံ့ဩမိသည်။ ရသေ့ စကားအရ သူကံကောင်းပေလို့ပေါ့။ ရသေ့



www.burmeseclassic.com

www.burmeseclassic.com



သည် အချိန်မီ ရောက်မလာပါက သူသည်စော စောက ဂျီ(ချေ)ကောင်လေး ခံစားရသည့် ဒုက္ခဆိုးကို ခံစားလိုက်ရမည် မလွဲပင်. .

ကြည့်စမ်း. . . အရေးရယ် အကြောင်းရယ် ဖြစ်လာပါမှ ဘုရားတမိခြင်းတောင်မှ သူဘေးဒုက္ခဆိုး ကြီးမှ လွတ်ခဲ့ရသည်။ အကယ်၍များ သူ နဂိုရ်က တည်းက ဘုရားတရားကို လိုက်စားခဲ့ပါလျှင် ယခုလို အဖြစ်မျိုးနှင့်ပင် ကြုံစရာ အကြောင်းမရှိဟု သူတွက် လိုက်မိ၏။

တဲသို့ ပြန်ရောက်သည်တွင် "မင်းဆာနေပြီ ရော့စားလိုက်" ဆိုကာ ငှက်ပျောသီးတစ်ဖီး ထုတ်ပေး လေတော့၏။

ငှက်ပျောသီးတစ်ဖီး ကုန်သွားသည်နှင့် အား အင်တို့ ပြန်လည်ပြည့်ဝလာ၏။

"မင်း ငါနဲ့ နေချင်စိတ် ရှိလား" ဟုမေးလာ ၏။

သူ. . . ထိုအမေးကို ချက်ချင်းမဖြေ၊ စဉ်း စားလိုက်၏။ သူရွာပြန်သွားလျှင် သူများခိုင်းတာ လုပ်၊ ပေးတာလေးယူ. . . ကျွေးတာလေးစား၊ ဒါဟာ အကြောင်းမဟုတ်ပေမင့် သူ့တွင်ဘာနေ့ကြီးမှ



www.burmeseclassic.com

www.burmeseclassic.com



မရှိ၊ ရွာမှာတုန်းက သူ့မွေးနေ့မွေးရက်၊ နို့မှမဟုတ် ဥပုသ်နေ့တွေမယ် ဘုရားကျောင်းကန်သွား သီလယူ လိုပေမင့် ဟိုလူက ဒါလုပ်ပေးစမ်းပါဦး။ ဒီလူက ဟို ဟာ လုပ်ပေးစမ်းပါဦး ရယ်လို့ ခိုင်းလာကြသည် ကြောင့် လုပ်ပေးနေရသည်နှင့် ဘုရားကျောင်းကန် မသွားဖြစ်။ ဥပုသ်သီလ မယူဖြစ်။ တစ်ရွာလုံး မြိမ့်မြိမ့် သဲသဲ လှူကြတန်းကြပြန်တော့လည်း အလုပ်ကို ဇယ် ဆက်သလို လုပ်ပေးနေရသဖြင့် တရားလေးပင်မနာ ဖြစ် ဥပုသ်ယူဖို့ဆိုတာ ဝေလာဝေး၊ ထိုသည်ကို သူ တွေးလိုက်မိသည်။ ဟုတ်ပြီ. . . ဘုရားတန်ခိုးကို လည်း သူမျက်မြင်ကိုယ်တွေ့ ကြုံရချေပြီ။ သည် တော့. . .

"ရသေ့နဲ့ပဲ နေမယ်ဗျာ" ဟု ပြောလိုက် သည်။ ရသေ့က ပြုံးလျက် သူ့ကို ကြည့်ပြီး-

"ရွာကလူတွေ မင်းမရှိလျှင်ဖြင့် ဒုက္ခအတန် အသင့်ရောက်ကြမှာပေါ့" ဟုပြော၏။

"ပေးဆပ်သူဘဝနဲ့ချည်း မနေလိုတော့ပါ ဘူး"

သို့သူက ပြန်ဖြေလိုက်၏။

"ဟုတ်တယ်လေ ပေးဆပ်သူဆိုတာ အကျိုး



www.burmeseclassic.com

www.burmeseclassic.com



ကို ဖြစ်စေတာ မဟုတ်လား။ တစ်ပါးသူဆီက ရယူခြင်းထက် ပေးဆပ်ခြင်းက ပိုမမြတ်ပေဘူးလား”

ရသေ့က မေးလာပြန်၏။

“ကျေနပ်စွာ ပေးတာကို ရယူလိုတယ်. . . တန်ဖိုးရှိစွာ ပေးဆပ်ရခြင်း ဖြစ်ချင်တယ်. . . သူကြီးခိုင်းသမျှ လုပ်ပေးခဲ့တယ်။ တကယ်တော့ အဲဒီသူကြီးက အတ္တကြီးတယ်၊ သူ့မိန်းမ၊ သူ့ကလေး၊ သူ့ဆွေမျိုးတွေအတွက်ပဲ ကြည့်တယ်။ ကျုပ်ကို မဝရေစာကျွေး၊ မလုံ့တလုံဆင်ပြီးတော့ ပြောသေးတယ်။ မင်းမယ် ငါတို့ရှိနေလို့တဲ့. . . နို့မဟုတ်. . . အစာရေငတ်သေပြီတဲ့. . . သေရင်တောင် လွှားစရာ မရှိလို့ ဖျာလိပ်စုတ်ကို ပတ်ပြီး သုသာန်ကို သွားရမယ့်ကောင်တဲ့လေ”

“ဟား. . ဟား. . ဟား. . ဟား”

ရသေ့က ရယ်လေတော့၏။

“နောက် ရှိသေးတယ်။ ရွာထဲက သူခိုး ကြမ်းပိုး၊ သူကတော့ခိုင်းတယ်။ ပက်ပက်စက်စက် ခိုင်းတယ်။ ခိုင်းသလောက်လည်း ပေးပါရဲ့၊ နို့ပေမင့် သူ့အလုပ်. . . လုပ်ပေးရတာ မလွယ်ဘူး၊ ဒါကို သူကြီးက သိတယ်။ လိုလျှင်တစ်မျိုး၊ မလိုလျှင် တစ်မျိုး



www.burmeseclassic.com

www.burmeseclassic.com



သည်တော့ ကျုပ်က ကြားထဲက မြေဇာပင် ဖြစ်ကော”

သူ့စကားကို သဘောကျသဖြင့် ရသေ့က ရယ်လိုက်ပြန်၏။

“ဟင်း. . . ဟင်း. . . ဟင်း. . . ဟင်း”

“ကျွန်တော့်ကို ခိုင်းတဲ့သူအားလုံးနီးနီးက တစ်ယောက် တစ်မျိုးဆိုးကြတာချည်းပါ. . .” ရယ်လို့ အစချီပြီး ရသေ့ရယ်မောပြီးသည်နှင့် သူသည် စကားဆက်လိုက်ပြန်၏။

“ရွာထဲမှာတော့ ကျုပ်အပေါ် ကော်င်းတယ်လို့ထင်ရတဲ့ သူတစ်ယောက်တော့ ရှိတယ်. . . ဒေါ်ကြိုင်ပဲလေ။ ဒေါ်ကြိုင်ဆိုတာ ပိုက်ဆံရှိတယ်။ ချမ်းသာတယ်။ သူ့ရှိတာနဲ့ ထိုင်စားရင်တောင် သေသည့်တိုင် လုံလုံ လောက်လောက် ရှိတယ်။ နို့ပေမင့် ကလေးတွေကို အခမဲ့ စာသင်ပေးနေတယ်လေ။ ကျုပ်ကိုလည်း သနားလို့ဆိုပြီး ငွေစလေးတွေ အမြဲပေးတယ်။ သည်တော့ ကျုပ်ကလည်း ရေခပ်၊ ထင်းပေါက်လုပ်ပေးတယ်။ သူကလည်း ကျုပ်ကို စာသင်ပေးတယ်။ ဒါကို သူကြီးက မကြိုက်ဘူး။ ကျုပ်ကို ညာခိုင်းနေတဲ့သူတွေက မကြိုက်ဘူး။ ဘာလို့လဲဆိုတော့. . . အချိန်ပြည့် ကျုပ်က ဒေါ်ကြိုင်အိမ်



www.burmeseclassic.com

www.burmeseclassic.com



မှာ ရှိနေလျှင် သူတို့ ကျုပ်ကို ညာခိုင်းဖို့ အချိန်မရှိနိုင်ဘူးလေ။ ပြီးတော့ ကျုပ်စာတတ်သွားလျှင်ဖြင့် သူတို့ညာခိုင်းတာကို သိမှာစိုးလို့ပေါ့"

"ခုကောသိမနေဘူးလား"

"သိတာပေါ့"

"ဘာလဲ ဒေါ်ကြိုင်ပြောပြလို့လား"

"ဒေါ်ကြိုင်က အဲလိုမဟုတ်ဘူး။ ကျုပ်ကို စာတတ်စေချင်တာပဲ ရှိတယ်။ ကလေးတွေ စာတတ်စေချင်တာပဲ ရှိတယ်။ သူ့အလုပ်သူလုပ်တာပဲ။ ဘယ်သူ့ကိုမှ မကောင်းမပြောဘူး"

"ဟဲ့. . ဖိုးမောင် လုပ်ပေးလိုက်ပါဟယ်. . ကုသိုလ်ရပါတယ်" ကျုပ်က လုပ်ပေးချင်စိတ်မရှိတောင် အဲလိုပြောပြီး လုပ်ပေးစေတယ်. . ."

"ဟုတ်ပြီလေ. . . သူကြီးနဲ့ ရွာသားတွေအတွက်လုပ်မပေးချင်တော့ဘူး ဆိုပေမင့်. . . မင်းအပေါ်ကောင်းတဲ့ ဒေါ်ကြိုင်အတွက် မစဉ်းစားတော့ဘူးလား. . ."

ရသေ့က သို့မေးလာသဖြင့် သူသည်-

"ဒေါ်ကြိုင်က ပြောဖူးတယ်။ ကိုယ်သေလျှင် ကိုယ့်နောက်ပါဖို့လည်း အခွင့်အရေးရလျှင် ရသလို

www.burmeseclassic.com



လုပ်ဦးလို့ ပြောဖူးတယ်။ ခု ကျုပ်အခွင့်အရေးရပြီ လေ. . . အဆိပ်ပင် ရေလောင်း ဖြစ်မယ့် လူတွေကို ဝတ်ကြီးဝတ်ငယ်ပြုဖို့ထက် ရသေ့ကြီးကို ဝတ်ကြီးဝတ်ငယ်ပြုပြီး ကိုယ်သေလျှင် ပါနိုင်မယ့် ဒါနနဲ့ သီလတွေကို ယူသွားချင်တယ် ဘယ်လိုလဲ ရသေ့ကြီးက လက်ခံထားမယ် မဟုတ်လား"

သို့နှယ် သူက အားရဝမ်းသာမေးလိုက်လေ၏။

သူ့ကိုကြည့်၍ ရသေ့ကြီးသည် တစ်ချက်ပြုံးလိုက်ပြီး-

"အချိန်တန်လျှင်ဖြင့် ဖြစ်လာရမှာချည်းပေါ့- ငါမင်းကို စိတ်စမ်းတာပါ။ လူသားတွေလည်း ညစ်ညမ်းမှုတွေနဲ့ ပေကျံပြီး လူ့လောကထဲ ရောက်လာကြတာပဲ. . . နို့ကြောင့် လူ့ဘဝမှာ ကိုယ်နဲ့ ကပ်ပါလာတဲ့. . . ညစ်ညမ်းမှုတွေကို ပြောင်စင်အောင် ဆေးကြောကြရမယ်. . . ပြီးတော့မှ ဒါနသီလဆိုတဲ့ ဝတ်ရုံလွှာကြီးကို ဝတ်ပြီး - သန့်ရှင်းတဲ့နေရာကို ခရီးဆက်ကြရမှာချည်းလေ။ အေး. . . ကိုယ်နဲ့ ကပ်ပါလာတဲ့ ညစ်ညမ်းမှုတွေကို ဆေးကြောသုတ်သင်ခြင်း မပြုလျှင်ဖြင့် ဘယ်လိုမှ သန့်ရှင်းတဲ့



www.burmeseclassic.com

www.burmeseclassic.com



နေရာကို သွားလို့ရမှာ မဟုတ်ဘူး။ လက်ခံမှာလည်း မဟုတ်ဘူး။သည်တော့ အဲလိုလူမျိုးက ညစ်ညမ်းတဲ့ နေရာပဲ ရောက်သွားမှာပေါ့။ ခုမင်းက မင်းအသိနဲ့ မင်းလုပ်နေတယ်။ ဘယ်အရာမဆို နည်းပေးလမ်းပြ မရှိလျှင် မဖြစ်ဘူး။ ခုမင်းအတွက် အချိန်ကျလာပြီ၊ နို့ကြောင့် ငါမင်းကို လာခေါ်တာ"

"ဗျာ"

"မဗျာနဲ့. . . မင်းမှာ အခြေခံ စိတ်ရင်း ကောင်းရှိတယ်။ မင်းကြိုးစားလျှင်ဖြင့် ကြိုးစား သလောက်၊ ဒါန၊ သီလဆိုတဲ့ ဝတ်ရုံလွှာကြီးကို မင်းရ မှာပဲ. . . အဓိက စေတနာမေတ္တာပဲ"

သို့နှယ် ရသေ့ပြောလာသည်ကို သူသည် ဝမ်းမြောက်ဝမ်းသာ ဖြစ်ကာ ဦးချကန်တော့လိုက် လေတော့၏။ သည့်နောက်သူသည် ရသေ့ကို ဝတ် ကြီးဝတ်ငယ် ပြုရင်း- မေတ္တာ၊ စေတနာကို အသား ကျအောင် ကျင့်ကြံလေတော့၏။ မေတ္တာကြောင့် ကိုယ်ချင်းစာစိတ် စာနာစိတ်ကို သူထားတတ်သွား တော့၏။ စေတနာကြောင့် သူအကျိုးပေးခံရ၏။ သို့ အကျိုးတရားသည်ကား ရသေ့ပြောဆိုသမျှ သိဖွယ် နားလည်လွယ်သွား၏။ ပင်ပန်းတကြီးပင် ကျက်မှတ်

www.burmeseclassic.com



ခြင်း မပြုရလေဘဲ အံ့ဩဖွယ်ကောင်းစွာ တတ်မြောက်သွားတော့၏။

မေတ္တာကြောင့် ဟောရိုင်းတိရစ္ဆာန်များ၏ ရန်ပြုမှုခြင်းမှ ကင်းဝေးရ၏။ မေတ္တာစွမ်းအားကြီးပုံကို သူကွက်ကွက်ကွင်းကွင်း သိမြင်ရချေပြီ။

တစ်နေ့ သူအိပ်ယာမှ နိုးလာသည်တွင် သူ့ဆရာရသေ့ကို မမြင်ပါတော့ချေ။ ဘယ်ထွက်သွားလေပြီ မသိ။ ပြန်လာနိုး စောင့်ခဲ့သည်မှာ တစ်ပတ်ပင်ရှိချေပြီ။

သူ့ဆရာရသေ့ ထွက်သွားပြီး ထိုတစ်ပတ်တိတိပြည့်ညမှာပင် ထူးခြားစွာ တောရိုင်းတိရစ္ဆာန်တို့ ဆူညံနေကြ၏။

သည်တော့ သူသည် မေတ္တာသုတ်ကို ရွတ်ဖတ်နေမိ၏။ အရပ်ဆယ်မျက်နှာသို့ မေတ္တာတွေ ပို့လွှတ်နေလိုက်၏။

ဆူညံသံများ တစ်စတစ်စ မှေးမှိန်ပျောက်ကွယ် သွားတော့၏။

လုံးဝတိတ်ဆိတ်သွားသည်တွင်သူသည် တဲသခ်မ်းလေးပေါ်သို့ တက်ကာ လဲလျောင်းလိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



မကြာမီ မျက်ခွံများ လေးလံလာကာ အိပ်ပျော်သွားတော့၏။ မျက်စိကို မှိတ်ထားပြီး လျှပ်စီးလက်လို လင်းခနဲဖြစ်သွားသည်ကြောင့် မျက်လုံးကို ဖွင့်ကြည့်လိုက်သည်။

"ဟင်!"

သူ့ဆရာရသေ့သည် သူ့နား ဘယ်အချိန်ကရောက်နေလေသည်မသိ။

အိပ်ယာမှ ကပျာကသီ ထလိုက်ပြီး လက်အုပ်ချီလိုက်၏။

"ငါသွားတော့မယ်. . . မင်းကို လာနှုတ်ဆက်တာ"

"ဘယ်ကို သွားမှာတုန်း" သူကမေးလိုက်ပြီး-

"မေတ္တာစစ်နဲ့ စေတနာမှန် မင်းမှာရှိနေပြီ. . . မကြာမီမှာပဲ မင်း ဒါနနဲ့ သီလကို ပိုင်ဆိုင်ရတော့မယ်။ သည်ကြား မင်းလုပ်ရမှာ (၇)ရက်သားသမီးတွေကို ကယ်တင်ပါ။ သည်တောတောင်ထဲမှာ တို့တွေ နေထိုင်ခွင့်ရခဲ့တယ်၊ သည်ကျေးဇူးတွေကို ဆပ်တဲ့အနေနဲ့ သည်တောထဲမှာ တစ်ဦးကိုတစ်ဦး နိုင်ထက်စီးနင်း မလုပ်အောင်. . . တောကြီးကို စိမ်း



www.burmeseclassic.com

www.burmeseclassic.com



စိမ်းစိုစိုဖြစ်အောင် လူနဲ့ တိရစ္ဆာန်တွေ ငြိမ်းချမ်းမှုရှိအောင် ဆက်လုပ်ပါလို့ ငါမှာခဲ့ချင်တယ်။ ငါမင်းကို ဒီတာဝန် လက်ဆင့်ကမ်းလွှဲခဲ့မယ်. . . အေး. . . မင်းလည်း လက်ဆင့်ကမ်းလွှဲဖို့ရှာထားသင့်ပြီ. . . ကဲ. . . ငါသွားမယ်" ဟုဆိုကာ သူမေးသည့် "ဘယ်ကိုသွားမှာတုန်း" ဆိုသည်ကို မဖြေလေဘဲ သို့နှယ်မှာကြားကာ ကျောခိုင်းထွက်သွားလေတော့သည်။

သည်တော့မှ သူသတိထားလိုက်မိ၏။ သူ့ဆရာရသေ့၏ သစ်ခေါက်ဆိုးသင်္ကန်းသည် ပြိုးပြိုးပျက်ပျက် တောက်ပနေသည်ဟု ထင်လိုက်၏။

သူ့ဆရာရသေ့ ဘယ်သွားမည်ကို ရိပ်မိလိုက်ချေပြီ။ တကယ်တော့ သူ့ဆရာရသေ့သည် ဒါနသီလ ဆိုသည့် ဝတ်ရုံကြီးကို ရရှိ ခြုံလွှမ်းထားခြင်းအားဖြင့် သူ့ဆရာရသေ့ သွားမည့်နေရာသည် သန့်ရှင်းသော နေရာမှ လွဲ၍ အခြားမဖြစ်နိုင်သည်ကို သူလုံးဝ ဥဿုံ လက်ခံလိုက်ပေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်နှင့် လင်းမြင့်လှိုင်သည် ရသေ့ဦးဖိုးမောင် ပြောသည်ကို စိတ်ဝင်တစား နားထောင်လိုက်ရ ပြီးသည်နှင့်. . .

"နို့ဖြင့် ကျွန်တော်တို့ "သင်္ဂဒူ" တောထဲ စရောက်ကာစညက ရောက်လာတာ ရသေ့ကြီးပဲ မဟုတ်လား"

"ဟုတ်ပြီကော"

ပြီးတော့ လင့်စင်ထိုး ကျားဆိုးကို ပစ်မယ့်ညက ရသေ့ကြီး ရောက်လာသေးတယ် မဟုတ်လား၊ ရသေ့ကြီးကို ကျားတစ်ကောင်က ပြေးလာပြီး အန္တရာယ်ပြုမယ် လုပ်တော့ကျွန်တော်က သေနတ်နဲ့ လှမ်းပစ်လိုက်တော့ ကျားကောင် ဒဏ်ရာရလှည့်

www.burmeseclassic.com

www.burmeseclassic.com



ထွက်ပြေးသွားတယ်၊ အဲဒီတုန်းက ဘာလို့ ရသေ့ကြီးက အဲဒီကျွန်းနှာကောင်နောက် ပြေးလိုက်သွားရတာလဲ”

သို့ကျွန်တော်က မေးလိုက် ပြန်သည်တွင် ရသေ့က သာသာညင်းညင်း ရယ်မောလျက်. . .

“ဟင်း. . ဟင်း. . ဟင်း. . အဲဒီတုန်းက မင်းတို့တွေ တောစောင့်နတ်ကြီးရဲ့ လှည့်စားမှုကို ခံလိုက်ရတာပဲ။ ငါမဟုတ်ဘူး။ ကျွားပဲ၊ မင်းတို့ပစ်မှာ စိုးလို့ တောစောင့်နတ်ကြီးက မျက်စေ့လှည့်ပစ်လိုက်တာ အေးတစ်ခုတော့ ရှိတယ်။ ငါက ကျွားယောင် ဖန်တီးပြီး မင်းတို့ရဲ့ ပစ်မှတ်ကို အာရုံပြောင်းလိုက်ရတာ၊ ကံသီပေလို့ပေါ့. . . သည်မှာ မင်းပစ်လိုက်လို့ ရလိုက်တဲ့ ဒဏ်ရာ”

သို့ပြောပြီး ရသေ့သည် သူ၏ လက်မောင်းသားကို လှစ်ပြလေတော့၏။

“ဟာ!”

အနာကျက်ကာစ သေနတ်ဒဏ်ရာဖြစ်ပေတော့၏။ ကျွန်တော် လွန်မင်းစွာ စိတ်မကောင်းဖြစ်မိတော့သည်။ ကပျာကသီ လက်အုပ်ချီကန်တော့လိုက်တော့၏။

www.burmeseclassic.com

www.burmeseclassic.com



"ဘုန်းကြီး ခေါင်းခေါက်ပြီးလေမှ "ကန်တော့" လို့ပြောသလိုမျိုးဖြစ်နေပြီ"

စောသာကဲက ရှတ်နောက်နောက်ပြော လိုက်ပေပြား ရသေ့က

"အဲလို ပြောလို့မရဘူး၊ အဲဒီစကားက ဘုန်းကြီးမှန်း သိလျက် ခေါင်းခေါက်ပြီးလေမှ ကန်တော့လို့ ပြောတဲ့လူစားမျိုး ခုဟာက လုံးဝမသိလို့ ဖြစ်သွားရတာ။ အပြစ်ရှိတာ ငါပဲ. . . ဘာလို့လဲဆိုတော့ ငါက အယောင်ဆောင်တာလေ။ လိမ်ညာတာလေ။ ငါလိမ်ညာတာကို မင်းတို့ ခံလိုက်ရပြီး အကုသိုလ်ဖြစ်သွားအောင် ငါလုပ်လိုက်မိတာ ငါ့အမှား ငါ့အပြစ်ပါကွ"

"နို့ဖြင့် ဘာလို့ လုပ်ရတာတုန်း"

"လူသားနဲ့ တိရစ္ဆာန် နားလည်မှုတွေ ရှိပြီး ငြိမ်းငြိမ်းချမ်းချမ်း ရှိသွားအောင်ပေါ့ကွာ"

ရသေ့စကားကြောင့် ကျွန်တော် တွေဝေသွားမိသည်။ လင်းမြင့်လှိုင်သည်လည်း ကျွန်တော့် နှယ်ပင်။

"ငါပြောတာကို မင်းတို့ နားလည်မယ်ဆိုလျှင်ဖြင့် ငါရလိုက်တဲ့ ဒဏ်ရာက ဒါနနဲ့ သီလဝတ်ရုံလွှာကြီးကို ချုပ်ဖို့အပ်လေး ဖြစ်လာမှာပါပဲကွာ"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် သိလိုက်ပေပြီ။ ကျွန်တော်တို့ ဤတောတောင်တွင်းမှ ချက်ခြင်းပြန်ထွက် ကြပေတော့မည်။

ကျားနာကျားဆိုးကောင်ကိုလည်း လိုက်လံသတ်ဖြတ်ခြင်း မပြုတော့ရန်အပြင်။ သူက ကျူးကျော်လာပါလျှင်လည်း မေတ္တာလွှမ်းခြုံနေလိုက်ရုံဟု စဉ်းစားလိုက်ပြီး ဖြစ်တော့၏။

သို့သဘောထားကို ကျွန်တော်က ပြောလိုက်သည်တွင် ရသေ့ကြီး၏မျက်နှာသည် ဝင်းပသွားပြီး မေတ္တာသုတ်ကို ရွတ်ဖတ် အရပ်ဆယ်မျက်နှာ မေတ္တာပို့သပြီး "နောင်. . . ဝေ. . . ဝေ. . . ဝေ" ရယ်လို့ မြည်အောင် ကြေးစည်ထုလိုက်ပြီး ကျွန်တော်တို့အပါးမှ လှည့်ထွက်သွားလေတော့သည်။ အတော်လှမ်းလှမ်းတောင်ကြောလေးပေါ်မှ ကျားကောင်သည် ရသေ့နောက်သို့ ကြောင်လေးတစ်ကောင်လို ဆော့ကစားလိုက်သွားလေ၏။

ကျွန်တော်တို့သည်လည်း "သဂ်ဒူ"တောမှ ထွက်ခဲ့ကြတော့၏။

ကျားကောင်သေ ပါမလာသော ကျွန်တော်တို့ကို သူကြီးဦးဖိုးစိန်က ကျေနပ်ပုံသိပ်မရ. . . သို့



www.burmeseclassic.com

www.burmeseclassic.com



ကြောင့် ကျွန်တော်သည် "သင်္ဂဒူ" တောအတွင်း ကြုံခဲ့ရပုံများကို အသေးစိတ် တစ်ညလုံးပြန်ပြောလိုက်လေတော့မှ သူကြီး သဘောပေါက်သွားလေ၏။

နောက်နေ့များတွင် ကျွန်တော်နှင့် လင်းမြင့်လှိုင်သည် "လဟာမငယ်" ရွာသူရွာသားများပါမက. . . ရွာနီးချုပ်စပ်ရှိ ရွာငယ်များမှ- ရွာသူ ရွာသားများကို ခေါ်၍ သစ်ခုတ်ဝါးခုတ်တက်လျှင် သတိဝီရိယထား သွားလာကြရန်၊ စည်းစည်းလုံးလုံးရှိကြရန်၊ သတ္တဝါတွေအပေါ် မေတ္တာထားပြီး ကိုယ့်အလုပ်သာကိုယ်လုပ်ကြရန်၊ သို့ဆိုပါလျှင် အရာရာအောင်မြင် အဆင်ပြေလိမ့်မည်ဖြစ်ကြောင်း ရှင်းပြလိုက်၏။

တောတောင်ကို မှီ၍ ဝမ်းစာရှာဖွေကြရသူတွေဖြစ်ခြင်းကြောင့် သူတို့ ဝမ်းစာပြည့်ရေးကိုသာ အဓိကဖြစ်ခြင်းကြောင့် ကျွန်တော်တို့စကားအတိုင်း လိုက်နာလုပ်ဆောင်ကြတော့၏။ သို့ လုပ်ဆောင်ခြင်း အတွက် ရရှိလာမည့် အကျိုးတရား၊ ဖြစ်ပေါ်လာမည့် အကြောင်းတရားကို စောင့်ကြည့်လိုသည်ဖြစ်၍ ကျွန်တော်နှင့် လင်းမြင့်လှိုင်သည် တောနှင့်အနီးဆုံး မီးလောင်ကုန်းကျေးရွာတွင် တစ်ပတ်ခန့် သွားရောက်စောင့်ကြည့်နေလိုက်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ထင်ထားသည်ထက်ပင် အကျိုးတရားဖြစ်လာခြင်းကြောင့် ကျွန်တော်နှင့် လင်းမြင့်လှိုင်သည် မီးလောင်ကုန်းကျေးရွာလေးမှ ညဦးတွင် ပြန်လာခဲ့ကြတော့၏။ "လ"သာညဖြစ်သည်ကြောင့် ထိုအချိန်ထွက်လာခြင်းသည် "လဟာမငယ်" ကျေးရွာတွင် ညအိပ်မည်ဖြစ်၍ အေးအေးလူလူ လျှောက်ပြန်ခဲ့ကြ၏။

သည်လမ်း သည်ခရီးသည် ကျွန်တော်တို့ သွားလာနေကျ ခရီးဖြစ်သည်ကြောင့် မည်သည့် အန္တရာယ်မျှ မရှိကြောင်းသိထားပြီး ဖြစ်သည်။

သို့ဖြင့် ကျွန်တော်တို့သည် ည၉နာရီသန်း ခေါင်ကျော်တွင် "လဟာမငယ်" ရွာထိပ်သို့ ရောက်လာကြ၏။

သူကြီး ဦးဖိုးစိန်ကို နောက်ပြောင်လို၍လည်း ယခုလိုအချိန် ရွာထဲ ဝင်ခဲ့ကြခြင်းဖြစ်၏။

ရွာထိပ် သုသာန်နား ရောက်လုသည်တွင် ကြေးစည်သံလေးကို ကြားလိုက်ရ၏။ သုသာန်တွင်းမှ ပြန့်လွင့်ထွက်လာခြင်းဖြစ်၏။ ထိုကြေးစည်သံအား ကြောင့် ရွာတွင်းမှ ခွေးတို့သည် "အူ" လာကြတော့၏။ ထိုခွေးအူသံကြောင့် ရွာစပ်ရှိ ယာယီတဲလေး



www.burmeseclassic.com

www.burmeseclassic.com



အတွင်းမှ လူတစ်ယောက်သည် အူသံပြုနေသော ခွေးတို့ကို ခဲလုံးဖြင့် ပစ်ပေါက်လေ၏။ ခွေးတို့သည် ခဲလုံးကို ရှောင်တိမ်းကာ ပြေးလွှားထွက်သွားကြ၏။ ခဲလွတ်ရာနေရာသို့ ရောက်သည်တွင် ငုတ်တုတ် ထိုင်လျက် အူနေကြပြန်၏။

သို့အချိန်မှာပင် သုဿန်တွင်းမှ ကြေးစည်သံလေး ကြားလိုက်ရပြန်သဖြင့် ကျွန်တော်နှင့် လင်းမြင့်လှိုင်သည် စူးစိုက်ကြည့်နေကြ၏။

/ ထိုစဉ် သုဿန်တွင်းမှ လူတစ်ယောက် ဖြေးလေးသော ခြေလှမ်းများဖြင့် ထွက်လာလေ၏။

"ဟင်!"

"ရသေ့ ဦးဖိုးမောင်ပါကလား. . . ညဉ့်နက်သန်းခေါင် "လဟာမငယ်" သုဿန်မှာ ဘာလာလုပ်ပါလိမ့်"

သုဿန်ဝမှသည် ရွာပြင်သို့ ထွက်သွားလေသည်တွင် ခွေးကို ခဲဖြင့် လှမ်းပေါက်လိုက်သောသူက သုဿန်တွင်းမှ ညကြီးအချိန်မတော် လူတစ်ယောက် ထွက်သွားသည်ကြောင့် သင်္ကာမကင်း ဖြစ်သွားဟန်တူသဖြင့် ရွာလမ်းအတိုင်း ထွက်လိုက်လာ နေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



"ဟင်!"

ကျွန်တော်တို့ အံ့သြရပြန်၏။ လမ်းပြကြီး စောသာကဲ ဖြစ်နေသည်။

ကျွန်တော်နှင့် လင်းမြင့်လှိုင်သည် ငြိမ်သက်စွာ ပုန်းအောင်းလျက် သူဘာလုပ်မည်ကို စောင့်ကြည့်နေကြ၏။

"ဟိတ်လူ"

"ဟိတ်လူ"

ဆိုကာ စောသာကဲက ဦးဖိုးမောင်နောက်မှ လိုက်ပါသွား၏။

သူ့ ရှေ့မှ သွားသူကို ရသေ့မှန်း မသိ၍ "ဟိတ်လူ" ရယ်လို့ ခေါ်နေခြင်းဖြစ်ချိမ့်မည်။ စောသာကဲက သို့လှမ်းခေါ်သည်ကို မကြားသည်လား။ မကြား ယောင်ဆောင် နေသည်လား မသိ။

သစ်ပင်ရိပ်များ ထိုးနေခြင်းကြောင့် သဲတွဲစွာ မမြင်ရခြင်းဖြစ်မည်။ သို့ကြောင့် စောသာကဲသည် ရသေ့ ဦးဖိုးမောင်၏ပုခုံးကို နောက်မှ ပုတ်လိုက်ပြီး "ဟိတ်လူ" ဟုခေါ်လိုက်၏။

သည်တွင် ရသေ့ဦးဖိုးမောင်က လှည့်ကြည့်လိုက်သည်တွင် "ဟင်!" ရယ်လို့ - စောသာကဲ တစ်

www.burmeseclassic.com

www.burmeseclassic.com



ယောက်အုံ့အားသင့်သွားပေတော့သည်။

ကျွန်တော်သည် လင်းမြင့်လှိုင်ကို လှည့်ကြည့်ပြုံးပြလိုက်၏။ လင်းမြင့်လှိုင်သည်လည်း ကျွန်တော့်ကို ကြည့်ကာ သွားတက်လေးပေါ်အောင် ရယ်ပြလာတော့၏။

BURMESE CLASSIC

ကျွန်တော်တို့ သဘောပေါက်သွားပြီဖြစ်သည်။ ဝမ်းမြောက်ဝမ်းသာလည်း ဖြစ်သွားရချေပြီ။

"ငါပြောတာကို မင်းတို့နားလည်မယ် ဆိုလျှင်ဖြင့် ငါရလိုက်တဲ့ဒဏ်ရာက "ဒါနနဲ့ သီလဝတ်ရုံလွှာကြီးကို ချုပ်ဖို့ အပ်လေးဖြစ်လာမှာပါပဲကွာ"

ရသေ့ဦးဖိုးမောင်၏ စကားကို ပြန်ကြားယောင်လိုက်မိသည်။

ရသေ့ဦးဖိုးမောင်တွင် ဒါန၊ သီလ ဝတ်ရုံလွှာကြီး ပိုင်ဆိုင်လေပြီဖြစ်ချိမ့်မည်။

သူ၏ဆရာရသေ့ ထွက်သွားသည့် သန့်ရှင်းသောနေရာသို့ လိုက်သွားရန် အဆင်သင့်ဖြစ်နေပေလိမ့်မည်။

သို့ကြောင့် သူ့နေရာတွင် အစားထိုးထားခဲ့ရန် သင့်လျော်သောသူကို လာခေါ်ခြင်း ဖြစ်ချိမ့်မည်။

ကိုကိုကြီး

၁၀-၁၂-၂၀၀၂

www.burmeseclassic.com